## မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်



# (၂၀၁)နှစ်မြောက်

## ယုဒသန်နေ့အစီအစဉ်

### ၂၀၁၄ခုနှစ်၊ဇူလိုင်လ(၁၃)ရက်နေ့

# အစီအစဉ်လက်စွဲစာအုပ်

# မာတိကာ

## အပိုင်း—က

၁။ ယုဒသသန်နေ့ဦးတည်ချက်နှင့်ရည်ရွယ်ချက်များ။
၂။ အထွေထွေအတွင်းရေးမှူး၏အမှာစကား။
၃။ ယုဒသသန်နေ့ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်။
၄။ တိုက်တွန်းနှိုးဆော်ချက်။
၅။ သမ္မာကျမ်းစာလေ့လာခြင်း။
၆။ ယုဒသသန်နေ့အကြို၊တစ်ပတ်တာဆင်ခြင်အောက်မေ့ရန်ကျမ်းပိုဒ်များနှင့်ဆုတောင်းချက်များ။
၇။ နှစ်(၂၀၀)အလွန်၊နှစ်ခြင်းသာသနာ(၁၀)နှစ်စီမံကိန်း။

## အပိုင်း—ခ

၁။ ဆရာကြီးယုဒသသန်အကြောင်းသိမှတ်ဖွယ်ရာသမိုင်းအကျဉ်း။
၂။ ဆရာကြီးယုဒသသန်၏မှတ်သားဖွယ်ရာစကားများ။

## အပိုင်း—ဂ

၁။ ရွှေပြည်မြန်မာနှစ်ခြင်းသာသနာလုပ်ငန်းဒုတိယ(၁၀)စုနှစ်စီမံကိန်း (၂၀၁၄–၂၀၂၄)
၂။ ၂၀၁၂–၂၀၁၃ ခုနှစ်၊ ယုဒသသန်နေ့ပေးလှူငွေများ

◈◈◈◈◈◈

## ၂၀၁၄–ခုနှစ်၊ယုဒသန်နေ့–ဦးတည်ချက်

◈ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ ဦးတည်ချက်အတိုင်း အလိုတော်သည် မြန်မာပြည်၌ ပြည့်စုံစေရေး တွန်းအားပေးရန်။

## ၂၀၁၄–ခုနှစ်၊ ယုဒသန်နေ့–ရည်ရွယ်ချက်များ

◈ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်၏ ဦးတည်ချက်အတိုင်း အလိုတော်သည် မြန်မာပြည်၌ ပြည့်စုံစေရေး တွန်းအားပေးရန်။

◈ ဘိုးဘေးတို့မှလက်ဆင့်ကမ်း သယ်ဆောင်လာခဲ့သောနှစ်ခြင်း သာသနာလုပ်ငန်းတွင် နှစ်(၂၀၀)ပြည့်အလွန်နှင့် (၁၀)နှစ်စီမံကိန်းများကို ယုဒသန်နေ့အစီအစဉ်အားဖြင့် ကျေးဇူးတော်ချီးမွမ်းလျက် တွန်းအားပေးရန်။

◈ လူမျိုးစုနှင့် ဒေသန္တရအသီးသီးမှ သာသနာ့လုပ်ငန်းများတွင် တစ်စိတ်တစ်ဝမ်းတည်းဖြင့် ညီညွတ်စွာပါဝင် လုပ်ဆောင်သည်သာမက အသင်းတော်တိုင်း၊ ယုံကြည်သူတိုင်းသည်လည်း စိတ်အားထက်သန်စွာတို့၍ ဆက်ကပ်လှူဒါန်း လာကြစေရန်။

◈ ဘုရားသခင်၏ အလိုတော်သည် မြန်မာနိုင်ငံတွင်ပြည်စုံလာစေရေးအတွက် ဆရာကြီးယုဒသန်ကဲ့သို့ သာသနာပြုစိတ်ဓါတ်အပြည့်အဝနှင့် အားသွန်ခွန်စိုက် ဆက်ကပ်အပ်နှံသော ယုံကြည်သူများတိုးပွားလာရန်။

◈◈◈◈◈

# အထွေထွေအတွင်းရေးမှူး၏
## နှုတ်ခွန်းဆက်အမှာစကား

နှစ်ခြင်းသာသနာနှစ်(၂၀၀) ပြည့်ကျေးဇူးတော်ချီးမွမ်းခြင်း ဓမ္မသဘင် ပွဲတော်ကြီးမှ အသင်းသူ/သားများအား မီးမောင်းထိုးပြပြီး စိန်ခေါ်ခဲ့သော အချက်မှာ ''နှစ်ခြင်းယုံကြည်သူတိုင်း သာသနာပြုစိတ်ဓါတ်အပြည့်ဖြင့် သာသနာပြုကြရေး''ပင်ဖြစ်သည်။ ဤသို့ဆိုသော် တစ်ဦးချင်းအလိုက် အသင်းတော်အလိုက်၊ နယ်အဖွဲ့အလိုက်၊ အဖွဲ့ချုပ်အလိုက် နည်းပေါင်း စုံဖြင့် သာသနာပြုကြရန် ဖြစ်ပါသည်။

ဝမ်းမြောက်ဘွယ်ရာ သတင်းကောင်းမျိုးစေ့ကို ကြဲရသောအမှုတော် သည် လွယ်ကူမည်မဟုတ်သော်လည်း ဘုရားပေးတာဝန် ဖြစ်သော ကြောင့် မလွဲမသွေ လုပ်ကြရမည့် အမှုတော်ဖြစ်ပါသည်။ ဆာလံဆရာက ''မျက်ရည်ကျလျက်မျိုးစေ့ကြဲသော သူတို့သည် ရွှင်လန်းစွာ စပါးရိတ်ကြ လိမ့်မည်။ မျက်ရည်ကျလျက် ကြဲရန်မျိုးစေ့ကို ဆောင်၍ထွက်သွားသော သူသည် ကောက်လှိုင်းများကို ဆောင်လျက် ရွှင်လန်းသောစိတ်နှင့် အမှန်ပြန်လာလိမ့်မည်။''(ဆာလံ၊ ၁၂၆း၅–၆)

အသင်းချုပ် လက်ရှိလုပ်ဆောင်နေသော ၂၁ ရာစု၊ ရွှေပြည်မြန်မာ သာသနာ့ လုပ်ငန်းနှင့် နှစ်(၂၀၀)အလွန်၊ နှစ်ခြင်းခရစ်ယာန် သာသနာ(၁၀) နှစ်စီမံကိန်းအတွက် အဓိကဝင်ငွေကို''ယုဒသန်နေ့အလှူငွေ''မှ ရရှိပါ သည်။ ယခုနှစ်အတွက် ကျပ်သိန်းပေါင်း(၃၅၀) ကျပ်ရရှိရန် ခန့်မှန်းထားပါသည်။ ၂၀၁၃ ခုနှစ်တွင် ရရှိသော ယုဒသန်နေ့ အလှူတော်ငွေ စုစုပေါင်းမှာ ကျပ်သိန်းပေါင်း(၅၂၃)ဖြစ်ပါသည်။

ဤလောကသို့ခရစ်တော်ကြွလာခြင်းမှာ လူတို့အားအပြစ်မှ ကယ်တင်ရန်ဖြစ်ပါသည်။ ထို့အပြင် သခင်ယေရှု၏ နောက်ဆုံးသြဝါဒ စကားမှာ လူမျိုးတကာတို့ထံသို့ သွားရောက်ပြီး လူတို့အားခရစ်တော်၏တပည့်ဖြစ် စေဖို့နှင့် ယုံကြည်သူတို့အား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ နှစ်ခြင်းမင်္ဂလာပေးရန်ပင်ဖြစ်ပါသည်(မဿဲ၊ ၂၈း၁၉)။ ထိုနည်းတူ ခရစ်တော်၏ တပည့်တော်များနှင့် ကနဦးယုံကြည်သူတို့၏အဓိက လုပ်ဆောင်ခဲ့ကြသောအမှုတော်မှာ သာသနာပြုခြင်းပင်ဖြစ်သည်။

ဆရာကြီးယုဒသသန်နှင့်ဇနီးတို့သည် မြန်မာပြည်သို့ရောက်ရှိ လာခြင်း၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ သာသနာပြုရန်ပင် ဖြစ်သည်။ သာသနာပြုခြင်းအမှုသည် ယုံကြည်သူများနှင့်အသင်းတော်များတွင် တာဝန်ရှိသကဲ့သို့ သာသနာတိုးပွားခြင်းအမှုမှာ ဘုရားသခင် တန်ခိုးတော်နှင့် ပြောင်းလဲစေတော်မူခြင်းပေါ်တွင် မှီတည်လျက်ရှိသည် (တ၊ ၂း၄၇)။ သာသနာပြုမှသာ သာသနာထွန်းကားပါမည်။ သာသနာပြုမှ သာသနာတည်တံ့ခိုင်မြဲပါမည်။ သာသနာပြုမှသာဘုန်းတော်ထင်ရှားမည်။

သမ္မာကျမ်းစာ၌ မှတ်တမ်းတင်ထားရာတွင် ပင်တေကုတ္တေပွဲနေ့ တစ်ရက်တည်း၌ ပေတရု၏ဟောပြောသက်သေခံခြင်းအားဖြင့် လူပေါင်း (၃၀၀၀)မျှလောက် နှစ်ခြင်းမင်္ဂလာ ခံယူကြောင်းတွေ့ရသည် (တ၊ ၂၄၁)။ ထို့အပြင် တမန်တော်တို့၏ ဟောပြောသက်သေခံခြင်းအားဖြင့်လူပေါင်း(၅၀၀၀)မျှ ယုံကြည်ခြင်းသို့ရောက်ကြကြောင်း ဖော်ပြထားသည်(တ၊ ၄း၄)။ ဤကားအားရဖွယ်၊ အံ့သြဖွယ်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၌ နှစ်ခြင်းသာသနာနှစ်(၂၀၀)ပြည့် လာသောအခါ စုစုပေါင်းယုံ ကြည်သူ(၁.၅)သန်းနှင့် အသင်းတော်ပေါင်း (၄၉၀၀)ခန့် ရှိပါသည်။ဤအချက်ကို ကြည့်ခြင်းအားဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ၏နှစ်ခြင်းသာသနာ တိုးပွားမှုနှုန်းသည် လွန်စွာနှေးကွေးနေကြောင်းတွေ့ရသည်။ အရှိန်အဟုန်တစ်ခုဖြင့် သာသနာပြုနိုင်ရန် အသင်းသားတိုင်း၌ သာသနာပြုစိတ်ဓါတ်များရှိရန်နှင့် အသင်းတော်များအနေဖြင့် သာသနာပြုရန်အတွက်နိုးထရန်လိုအပ်မည်ဖြစ်သည်။ တနည်းအားဖြင့် အသင်းသားတိုင်း ဝိညာဉ်တော်တန်ခိုးကိုခံယူပြီး ရရှိရန်လိုပါသည်။ သို့မှသာ သတ္တိရှိရှိဟော ပြောသက်သေခံနိုင် ကြမည်ဖြစ်သည်။ ထို့အပြင်အသင်းတော်တိုင်း၌ သာသနာ့ရန်ပုံငွေ တောင့်တင်းခိုင်မာရန် လိုမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်တွင် ဒီမိုကရေစီအသွင် ပြောင်းလဲနေမှုနှင့်အတူတဖြည်း ဖြည်းပွင့်လင်း၊ လွတ်လပ်လာသော အခြေအနေသစ်များအပေါ်အခြေခံ ပြီးဘုရားသခင်ကအသင်းတော်များအား သာသနာပြုကြရန် လမ်းဖွင့်ပေးတော်မူသည်ဟု ယုံကြည်ပါသည်။

ယုဒသန်နေ့တွင် အသုံးပြုမည့်အထူးစာအုပ်ငယ် ထွက်ရှိနိုင်ရေးအတွက် သမ္မာကျမ်းစာလေ့လာခြင်း၊ နှိုးဆော်ချက်ရေးသားခြင်း၊ အသင်း ချုပ်ဌာနများ၏ လုပ်ဆောင်ချက်များထဲမှ ဆုတောင်းချက်များပေးပို့ခြင်း၊ စာစီစာရိုက်မှစ၍ ပုံနှိပ်ခြင်းလုပ်ငန်း၌ ပါဝင်ဆက်ကပ်ကြသော လုပ်ဖော်ဆောင်ဖက်များအပေါ် ကျေးဇူးတင်ပါကြောင်းနှင့် နှစ်စဉ်ပေးလှူခြင်းအားဖြင့် ပါဝင်ကြသော ယုံကြည်သူ ညီအစ်ကိုမောင်နှမအားလုံးအပေါ် ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြအပ်ပါသည်။ ယခုနှစ်တွင်လည်း ယုဒသန်နေ့၌ ပိုမိုလှူဒါန်းခြင်းအားဖြင့် ပါဝင်ကြပါစို့။

အမှုတော်မြတ်၌–



သိက္ခာတော်ရဆရာဒေါက်တာရန်ခိုပေါင်
အထွေထွေအတွင်းရေးမှူး

# ယုဒသန်နေ့ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်(နမူနာ)

## “ကျေးဇူးချီးမွမ်းလျက်၊ ဆုတောင်းသောအသင်းတော်”

**(ဆာလံ ၅၀း၂၃၊ ၁တိ ၄း၆၊ ဟေဗြဲ ၁၃း၁၅၊ ၁သက် ၅း၁၆–၁၈၊ ဆာလံ ၁၀၀း၁)**

## "Praising and Praying Church"

| | | |
|---|---|---|
| ၁။ | ဝတ်ပြုရန်ဖိတ်ခေါ်ခြင်း | – သဘာပတိ |
| ၂။ | ဆုတောင်းခြင်း | – |
| ၃။ | ပရိသတ်သီချင်း | – |
| ၄။ | ကြေငြာခြင်း | – |
| ၅။ | အသင်းချုပ်အထွေထွေအတွင်းရေးမှူး၏နှုတ်ခွန်းဆက်အမှာစကားဖတ်ကြားခြင်း | – |
| ၆။ | နှစ်ခြင်းသာသနာလုပ်ငန်းများတင်ပြခြင်း | – အသင်းတော်သာသနာပြု ကော်မတီ |
| ၇။ | အပြန်အလှန်ဖတ်ခြင်း | – |
| ၈။ | ဓမ္မသံစုံ | – |
| ၉။ | သမ္မာကျမ်းစာဖတ်ခြင်းနှင့်တရားဒေသနာ | – |
| ၁၀။ | အထူးဆုတောင်းခြင်း | – |
| ၁၁။ | ယုဒသန်နေ့အလှူငွေကောက်ခံခြင်း | – |
| ၁၂။ | ပရိသတ်ဓမ္မသီချင်း | – |
| ၁၃။ | ကောင်းချီးပေးခြင်း | – သင်းအုပ်ဆရာ |

***မှတ်ချက်   အထက်ဖော်ပြပါ   ဝတ်ပြုကိုးကွယ်ခြင်း   အစီအစဉ်သည်အကြံပြုချက်မျှသာဖြစ်သည်။***

# "ကျေးဇူးတော်ချီးမွမ်းလျက်ဆုတောင်းသောအသင်းတော်"

**သုက်၊၅း၁၆–၁၈။ ဆာလံ ၅၀း၂၃။ ဟေဗြဲ ၁၃း၁၅**

မြန်မာနိုင်ငံ၌ နှစ်ခြင်းသာသနာသက်ဝင်ရှင်သန်ရပ်တည်လာသည်မှာ ၂၀၁၃ ခုနှစ်တွင် နှစ်–၂၀၀ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ယခုအချိန် ကာလသည် မြန်မာပြည်တွင် ရှိနှင့်ပြီးဖြစ်သော နှစ်ခြင်းအသင်းတော်များ တို့သည် နှစ်–၂၀၀ပြည့်လွန် အနာဂတ်ကာလ သာသနာခရီးအတွက် နှစ်–၂၀၀ မတိုင်မီကာလဖြတ်သန်းလာခဲ့သော သာသနာခရီးနှင့် တည် ဆောက်မှုများတို့ကို အချိန်ယူလျက် သုံးသပ်မှုများ ပြုလုပ်သင့်သော ကာလဖြစ်သည်ဟု ယူဆမိပါသည်။

ပြောင်းလဲနေသော နိုင်ငံရေးအခြေအနေများ၊ လူမှုအသိုင်းအဝိုင်းများ တို့၏ ယခင်ကာလများတို့နှင့် မတူသောစိန်ခေါ်မှုနှင့် လိုအပ်ချက်များ အပေါ် အခြေခံလျက် နှစ်ခြင်းအသင်းတော်များအနေဖြင့် အားဖြည့်ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်ရန်လိုမည်ဟု တွေ့မြင်ခံစားမိပါသည်။ နှစ်ခြင်း ခရစ်ယာန်အသင်းတော်တိုင်း မိမိတို့အသင်းတော်၏ လက်ရှိအခြေအနေ မှန်ကို အသင်းတော်ခေါင်းဆောင်တိုင်း၊ အသင်းသူအသင်းသားတိုင်း သိရှိနေရန်လိုပေသည်။

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ် ယုဒသန်နေ့နှင့် နှစ်ခြင်းအသင်းချုပ်၏ တစ်နှစ်တာအဓိက အချက်မှာ ''ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းသောအသင်းတော်''ဖြစ်ပါသည်။ ယင်းအဓိက အချက်ပေါ်အခြေခံလျက် အောက်ပါအချက်များကိုစဉ်းစားပြီး ခွန်အားရယူစေလိုပါသည်။

**၁။ အသင်းသူအသင်းသားတိုင်း ရွှင်လန်းဝမ်းမြောက်မှုရှိရန်။**

၁သက်(၅း၁၆)တွင် ''အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့''ဟု တမန်တော်ရှင်ပေါလုမှ သွန်သင်ထားခြင်းအပေါ် ဆင်ခြင်ကြည့်ရာ အသင်းတော်နှင့် အသင်းသူအသင်းသားများသည် မည်သည့်အခြေအနေ တွင်မဆို လိုက်လျောညီထွေစွာဖြင့် ရှာဖွေဝမ်းမြောက်နိုင်ရန်ဖြစ်သည်။ အခက်အခဲရှိသည်ဖြစ်စေ အောင်မြင်နေသည်ဖြစ်စေ ယင်းကဲ့သို့သော အခြေနေများကြားတွင် ခရစ်တော်အားရှာဖွေတွေ့ရှိပြီး အသင်းသူ အသင်းသားများ ဝမ်းမြောက်မှုကို ခံစားနိုင်ရန် အသင်းတော်နှင့် အသင်း တော်ခေါင်းဆောင်များ မှန်ကန်သော သွန်သင်မှုများနှင့် ခွန်အားပေးနိုင်ရန် လိုပေမည်။ မိသားစုတိုင်းက နေ့စဉ်အသက်ရှင်နေထိုင်နိုင်ရေးအတွက် ရုန်းကန်နေကြရသူများဖြစ်၍ သိုးထိန်များ၏ ကရုပြုမှုအားဖြင့်သာလျှင် ရွှင်လန်းဝမ်းမြောက်နိုင်ပေမည်။

**၂။ အသင်းသူအသင်းသားတိုင်း ထာဝရဘုရားအား ကိုးစားသောသူဖြစ်ရန်။**

ယေရမိ(၁၇း၇–၈)တွင် '' ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရ ဘုရားကို မိမိကိုးစားရာအကြောင်း ဖြစ်စေသောသူသည် ကောင်းကြီး မင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား ရေရှိသောအရပ်၌ စိုက်၍ မြစ်နားမှာအမြစ်ဖြာသဖြင့် ပူသောအရှိန်ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုးခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲ အသီးကိုသီးတတ်သော အပင်နှင့်တူ၏။'' ကျေးဇူးတော်ချီးမွမ်းနိုင်ရန်အတွက် ကောင်းကြီးမင်္ဂလာ၏ အရင်းအ မြစ်အား အသင်းသူအသင်းသားများ သိရှိစေရန် သိုးထိန်းများကသာလျှင် သွန်သင်လမ်းညွှန်ဖေါ်ပြပေးရန် တာဝန်ရှိပေသည်။ သို့မှသာလျှင် ၁သက်၊ (၅း၁၈) ''အရာရာ၌ ကျေးဇူးတော်ချီးမွမ်းကြလော့''ဟုဆိုသည်အတိုင်း အသင်းသူအသင်းသားများတို့သည် ရွှင်လန်းဝမ်းမြောက်စွာဖြင့် ကျေးဇူးတော်ကို ချီးမွမ်းနိုင်ကြပေမည်။

**၃။ အသင်းတော်နှင့်ခရစ်တော်ကို အဆက်အသွယ်မပြတ်စေသော အသင်းသူအသင်းသားများ ဖြစ်ရန်။**

ယော၊(၁၅း၅)တွင် ''ငါသည်စပျစ်နွယ်ပင်ဖြစ်၏၊ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည်ငါ၌တည်၍ ငါသည် လည်းသူ၌ တည်၏။ ထိုသူသည်များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်မှုကိုမျှ မတတ်နိုင်ကြ။ '' ဤနေရာတွင် ဆုတောင်း ခြင်းအသက်တာနှင့် ဆုတောင်းခြင်းအမှုသည် ခရစ်တော်နှင့် အဆက်အ သွယ်ပြုခြင်းအရာ၌ အလွန်ပင်အရေးပါသော၊ အဓိကကျသော အကြောင်းအချက်ဖြစ်လာပါသည်။

ဆုတောင်းခြင်းအမှုသည် ခရစ်တော်၌ လူသားဘဝ တည်ဆောက် နေသော ယုံကြည်သူသားသမီးတိုင်းအတွက် ကျင့်ဆောင်ရမည့် ဘုရားသ ခင်ကိုယ်တော်တိုင် အလိုရှိသောအရာဖြစ်သည်။ ၁သက်၊(၅း၁၇) ''မခြားမ လပ်ဆုတောင်းပဌနာ ပြုကြလော့။ ‥အကြောင်းမူကား သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။''

ယော၊(၁၅း၇)တွင် ''သင်တို့သည်ငါ၌တည်၍ ငါ့စကားသည်သင်တို့၌ တည်လျှင် သင်တို့တောင်းချင်သမျှကိုတောင်း၍ ရကြလိမ့်မည်။'' နှစ်ခြင်းခရစ်ယာန်အသင်းတော်တိုင်းသည် ယနေ့အချိန်ကာလကို ထောက်ရှုလျက် ဆုတောင်းအားကြီးသော၊ ဆုတောင်းခြင်း အမှုကိုအားပြုသော အသင်းတော်များဖြစ်ရန် နိုးဆော်ခွန်အားပေးလိုပါသည်။

**၄။ ကျေးဇူးတော်ချီးမွမ်းနိုင်ရန်အတွက် သာသနာပြုသော အသင်းတော်ဖြစ်ရန်။**

နှစ်ခြင်းအသင်းတော်တိုင်း သာသနာပြုသောအသင်းတော်ဖြစ်လာ စေရန် အသင်းသူအသင်းသားများအား သာသနာပြုစိတ်ဓါတ်များပေါက်ဖွားလာစေရန် သိုးထိန်းများကဦးဆောင်လျက် မွေးထုတ်ပေးရပေမည်။

ယော၊(၁၂း၂၄)တွင်'' ငါအမှန်အကန်ဆိုသည်ကား မြေ၌ကျသော စပါးစေ့သည် မပျက်လျှင်တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာ သောအသီးကို သီးတတ်၏။''

ဆရာကြီးယုဒသသန်၏ မိသားစုဘဝ ပေးဆပ်ခြင်းနှင့် သာသနာပြု စိတ်ဓါတ်၊ ယနေ့ အသင်းသူအသင်းသားများတို့၏ လက်တွေ့ဘဝတွင် ရှင်သန်လာစေရန် အသင်းတော်နှင့် အသင်းတော်ခေါင်းဆောင်များ တာဝန်ရှိ နေကြောင်းကို သတိချပ်မိစေလိုပါသည်။

ဆာလံ (၅၀း၂၃)တွင် ''ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကို ပူဇော်သော သူသည် ငါ၏ဘုန်းကိုထင်ရှားစေသောသူဖြစ်၏။ ''ဟု ဆိုထားသည့် အတွက် ကမ္ဘာလောကကြီးအတွင်း ထာဝရဘုရား၏ဘုန်းတော် ထင်ရှား လာစေရန်မှာ အသင်းတော်နှင့် အသင်းသူ အသင်းသာများ၏ သာသနာအတွက် ပါဝင်ပေးလှူခြင်း၊ သာသနာ၌ ဆက်ကပ်ပါဝင်ခြင်းသည်သာလျှင် ကျေးဇူးတော် ချီးမွမ်းခြင်းယဇ်အမှန် ဖြစ်ပေလိမ့်မည်။

**သိက္ခာတော်ရဆရာစောစမ်စန်**
**တွဲဖက်အထွေထွေအတွင်းရေးမှူး**
**မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်။**

◈◈◈◈◈

# သမ္မာကျမ်းစာလေ့လာခြင်း

## "ကျေးဇူးတော်ချီးမွမ်းလျက်၊ ဆုတောင်းသောအသင်းတော်"

**(ဆာ၊၅၀း၂၃၊ ဟေဗြဲ၊၁၃း၁၅၊ ၁သက်၊၅း၁၆–၁၈၊ ဆာ၊၁၀၀း၁)**

**နိဒါန်း**

သားသမီးများက မိဘ၏ကျေးဇူးကိုချီးမွမ်းသကဲ့သို့ ယုံကြည်သူ တိုင်းက ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းလျက်၊ ဆုတောင်းကြသည်မှာ သဘာဝကျသည်။ Watchman Nee က "Praise is the highest work carried out by God's children"ဟုဆိုပါသည်။ လူသားတို့ကို ဘုရားသခင် ဖန်ဆင်းရခြင်း၏ ရည်ရွယ်ချက်မှာ သူ့ကိုချီးမွမ်းရန်ဖြစ်သည်(ဆာ ၁၀၀)။ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းဆု တောင်းခြင်းသည် မိမိကိုယ်ကို ဗဟိုပြု၍အသက်ရှင်ခြင်း၊ မာန်မာနထောင် လွှားခြင်း၊ ညည်းတွားမြည်တမ်းခြင်းမှ ကာကွယ်ပေးသကဲ့သို့ ဘုရားသခင်ကိုဗဟိုပြုသောအသက်တာ၊ ဘုရားသခင်၏ကျေးဇူးတော်များကို ရေတွက်ကာ ကျေးဇူးတော်ချီးမွမ်းတတ်သော သဘောထားအမြင်ရှိစေသည်။ ဒါဝိဒ်မင်းကြီးသည် လူသားတစ်ဦး ဖြစ်သည့်အားလျော် စွာအပြစ်ပြုမိသောအခါများ ရှိခဲ့သော်လည်း ဘုရားသခင်၏ စိတ်နှလုံးတော်ကို တွေ့ထိသောသူ ဖြစ်ခဲ့ရခြင်းမှာ ကျေးဇူးတော် ချီးမွမ်းလျက် ဆုတောင်းတတ်သောသူ ဖြစ်သောကြောင့်ဖြစ်သည်။ သူရေးသားခဲ့သော ဆာလံ များတွင် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်း များစွာပါဝင်သည်။

**(က) ဝေါဟာရလေ့လာခြင်း**

**၁။ ကျေးဇူးတော်ချီးမွမ်းခြင်း (Praising)**

ဘုရားသခင်၏ ဂုဏ်တော်နှင့်ကျေးဇူးတော်များကို အသိအမှတ်ပြု ဝန်ခံလျက် ကြည်ညိုလေးစားစွာဖြင့် ချီးကျူးခြင်း၊ ချီးမွမ်းခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့ကိုချီးမွမ်းရာအရပ်၌ ကျိန်းဝပ်တော်မူသောကြောင့် (ဆာ၊၂၂ း၃) ချီးမွမ်းခြင်းသည် ရှေ့တော်မှောက်သို့ ရောက်ခြင်းဖြစ်သည်။

ဘုရားသခင်၏ ကျေးဇူးတော်ကိုဝန်ခံလျက် နှုတ်ခမ်းအသီးတည်းဟူ သော ချီးမွမ်းခြင်းယဇ်ကို ပူဇော်(ဟေဗြဲ၊၁၃း၁၅)ရာ၌ နှလုံးနှင့်လက်ကိုချီကြွ လျက်၊ ချီးမွမ်းခြင်း(မြည်၊၃း၄၁)၊ ရှေ့တော်၌ ဒူးထောက်၍ချီးမွမ်းခြင်း (ဆာ၊၉၅း၆)၊ ကြွေးကြော်လက်ခုပ်တီး၍ ချီးမွမ်းခြင်း(ဆာ၊၉၈း၆၊၈)၊ တံပိုး၊ တယော၊စောင်း၊ပတ်သာ၊နှဲခရာ၊လင်းကွင်းစသည့် တူရိယာများ တီးမှုတ်ကာ ချီးမွမ်းခြင်း (ဆာ၊၁၅၀)၊(ခေတ်ပေါ်တူရိယာများအပါအဝင်)၊ သီချင်းဆို၍ (ဆာ၊၄၇း၆)ကခုန်လျက် ချီးမွမ်းခြင်း(ဆာ၊၁၅၀း၄)စသည်ဖြင့် ချီးမွမ်းနိုင်သည်။

**၂။ ဆုတောင်းခြင်း (Praying)**

သခင်ခရစ်တော်သည် ဆုတောင်းရာအရပ်၌ သန့်ရှင်းသောဝိညာဉ် တော်ဖြင့် အတူပါရှိသောကြောင့် ဆုတောင်းခြင်းသည် ရှေ့တော်မှောက်သို့ ရောက်ခြင်းဖြစ်သည်(မဿဲ၊၁၈း၂၀)။ ဆုတောင်းခြင်းသည် ဘုရား သခင်နှင့် မိတ်သဟာယဖွဲ့လျက် ဂုဏ်တော်ကျေးဇူးတော်များကို ချီးမွမ်း ခြင်း၊ မိမိ၏အပြစ်များကို ဝန်ချတောင်းပန်ခြင်း၊ အခြားသူများအတွက် ဆုတောင်းပေးခြင်းနှင့် မိမိအတွက်ဆုတောင်းခြင်းဖြစ်သည်။

ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းသည် ဆက်စပ်မှုရှိသည်။ ဆုတောင်းသည့်အခါ ကျေးဇူးတော်ချီးမွမ်းရသကဲ့သို့ ကျေးဇူးတော်ချီးမွမ်းခြင်းသည်လည်း ဆုတောင်းခြင်းတမျိုးဖြစ်သည်။

## ၃။ အသင်းတော် (Church)

ခရစ်ယာန်အသင်းတော်သည် သေခြင်းကိုအောင်၍ရှင်ပြန်ထမြောက် တော်မူသော သခင်ခရစ်တော်၏ မဟာစေစားချက်တာဝန်ကိုထမ်းဆောင်ရန် သီးသန့်ခေါ်တော်မူ၍ တာဝန်အပ်နှင်းခြင်းခံရသော ယုံကြည် သူတစ်ဦးချင်းပါဝင်သည့် ဘုရားသခင်၏လူစုလူဝေးဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်အသင်းတော်သည် လူမှုအဖွဲ့အစည်းမဟုတ်ဘဲ အသက်ရှင်သောခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်၍ ခရစ်တော်သည် ဦးခေါင်းဖြစ်တော်မူ၏(ဖေက်၊၁း၂၂–၂၃)။ ယုံကြည်သူများသည် အသီးသီးအင်္ဂါတော်ဖြစ်ကြသည်(၁ကော၊ ၁၂း၂၇)။

### (ခ) ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် ကနဦးအသင်းတော်၏အောင်မြင်ခြင်းလက်နက်ဖြစ်သည်။

၁။ သခင်ယေရှုထားခဲ့သော ပုံသက်သေဖြစ်သည်(မာ၊ ၆း၄၆)။

၂။ တမန်တော်များနှင့် ကနဦးယုံကြည်သူတို့သည် တညီတညွတ်တည်းကြိုးစား၍ ဆုတောင်းပဌနာပြုကြသည်(တမန်၊၁း၁၄။ ၂း၄၇)။

၃။ ယုဒရှကာရုတ်ကိုယ်စား တမန်တော်အသစ်ရွေးချယ်ရာ၌ ဘုရားသခင်၏ လမ်းညွှန်မှုရရှိရန် ဆုတောင်းခဲ့ကြသည်(တမန်၊၁း၂၅)။

၄။ ပေတရုသည် ထောင်ထဲ၌အကျဉ်းနေရစဉ် သင်းဝင်သူတို့သည်သူ့ အဘို့ကြိုးစား၍ ဘုရားသခင်ကို ဆုတောင်းပဌနာပြုကြ၏(တမန်၊၁၂း၅)။

၅။ အန္တိအုတ်မြို့တွင်ရှိသော အသင်းတော်၌ အစာရှောင်၍ဆုတောင်းနေကြစဉ် ဗာနဗနှင့်ရှောလုတို့အား သန့်ရှင်းသောဝိညာဉ်တော်က သာသနာပြုရန် ရွေးချယ်ခဲ့သည်(တမန်၊၁၃း၁–၃)။

၆။ ဖိလိပ္ပိမြို့ထောင်ထဲတွင် ရှင်ပေါလုနှင့်သိလတို့သည် ပဌနာပြု၍ ဘုရားသခင်ကိုချီးမွမ်းလျက် သီချင်းဆိုကြသောအခါ မြေငလျင်ပြင်းစွာ လှုပ်၍ထောင်တံခါးများပွင့်ကာ လူအပေါင်းတို့သည် နှောင်ဖွဲ့ခြင်းနှင့်လွတ်ကြ၏(တမန်၊၁၆း၂၅–၂၇)။

၇။ ရှင်ပေါလုက သူနှင့်လုပ်ဖော်ဆောင်ဖက်များအတွက် ဆုတောင်းပေးရန် သက်သာလောနိတ်အသင်းတော်ကို ပန်ကြားခဲ့သည်(၁သက်၊၅း၂၅)။

၈။ အရပ်ရပ်၌ ယောကျ်ားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ သန့်ရှင်းသောလက်ကိုချီ၍ ဆုတောင်းခြင်းငှာ ရှင်ပေါလုက တိုက်တွန်းခဲ့သည်(၁တိ၊၂း၈)။

၉။ ဆုတောင်းခြင်းနှင့်ချီးမွမ်းခြင်း အရေးကြီးပုံကို ရှင်ယာကုပ်က သွန်သင်သည်(ယာ၊၅း၁၃–၁၈)။

၁၀။ အရာရာ၌ ကောင်းစားခြင်းနှင့်ကျန်းမာခြင်းရရှိရန် ရှင်ယောဟန်ကဆုတောင်းပေးသည်(၃ယော၊၂)။

### (ဂ) ကျေးဇူးတော်ချီးမွမ်းလျှက် ဆုတောင်းရခြင်းအကြောင်းအရင်းများ

၁။ ကျေးဇူးတော်ချီးမွမ်းလျက်ဆုတောင်းခြင်းသည် ယေရှုခရစ်၌ ယုံကြည်သူများ ကျင့်ကြံစေခြင်းငှာ ဘုရားသခင် အလိုတော်ရှိသောအရာဖြစ်သည်။

– မခြားမလပ် ဆုတောင်းပဌနာပြုကြလော့။ အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းကြလော့(၁သက်၊၅း၁၆–၁၈)။

၂။ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် ဘုရားသခင်နှစ်သက်သော ယဇ်ပူဇော်ခြင်းဖြစ်သည်။

– ကျေးဇူးချီးမွမ်းခြင်းယဇ်ကို ဘုရားသခင်အား ။ ။ ။ အမှုရောက်သည့် ကာလ၌ငါ့ကိုပဌနာပြုလော့။ ငါသည်ကယ်လွှတ်မည်။ သင်သည်လည်းငါ့ကို ချီးမွမ်းလိမ့်မည်ဟု မိန့်တော်မူ၏(ဆာ၊၅၀း၁၄–၁၅)။

၃။ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် မိမိကိုယ်ကို နှိမ့်ချလျက်ဘုရားသခင်ကို ချီးမြှောက်ခြင်းဖြစ်သောကြောင့် သူ၏ဘုန်းကိုထင်ရှားစေသည်။

– ကျေးဇူးချီးမွမ်းခြင်းယဇ်ကို ပူဇော်သောသူသည် ငါ၏ဘုန်းကိုထင်ရှားစေသောသူဖြစ်၏(ဆာ၊၅၀း၂၃)။

၄။ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် ဘုရားသခင်လုပ်ပေးသော အရာများနှင့် သူ၏ဂုဏ်ကျေးဇူးတော်များကို အောက်မေ့ကာ အသိအမှတ်ပြုဝန်ခံခြင်းဖြစ်သည်။

– ဂုဏ်အသရေနှင့်စည်းစိမ်ဥစ္စာသည် ကျေးဇူးတော်ကြောင့်သာဖြစ်၏။ ကိုယ်တော်သည်ခပ်သိမ်းသောသူတို့ကိုအုပ်စိုးတော်မူ၏။ ခွန်အားအစွမ်းသတ္တိကို ပေးပိုင်တော်မူ၏။ ခပ်သိမ်းသောသူတို့အား ကြီးမြတ်သောအခွင့်နှင့် ခိုင်ခံ့သောအခွင့်ကို ပေးပိုင်တော်မူ၏။ သို့ဖြစ်၍ အကျွန်ုပ်တို့၏ဘုရားသခင်၊ကျေးဇူးတော်ကြီးလှပါသည်ဟု အကျွန်ုပ်တို့သည်ဝန်ခံ၍ ဘုန်းကြီးသောနာမတော်ကို ချီးမွမ်းကြပါ၏ (၁ရာ၊၂၉း၁၂–၁၃)။

၅။ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် လူသားမှစ၍အခြား ဖန်ဆင်းအပ်သောအရာများကိုအားမကိုးဘဲဘုရားသခင်ကို သာယုံကြည်ကိုးစားခြင်းဖြစ်သည်။

– အချို့သောသူတို့သည် ရထားကို၄င်း၊ အချို့တို့သည်မြင်းကို၄င်း ချီးမွမ်းတတ်ကြ၏။ ငါတို့မူကား၊ငါတို့ဘုရားသခင်တည်း

ဟူသောထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလိမ့်မည်(ဆာ၊၂၀း၇)။

၆။ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် အောင်မြင်ခြင်းအတွက်အကောင်းဆုံးလက်နက်ဖြစ်သည်။

– အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများကို ဘုရားသခင်အား ကြားလျှောက်ကြလော့(ဖိ၊၄း၆)။

## (ဃ) ကျေးဇူးတော်ချီးမွမ်းလျက်၊ ဆုတောင်းခြင်း ပြုလုပ်နိုင်သည့်နည်းအမျိုးမျိုး။

ယုံကြည်သူတဦးချင်း သို့မဟုတ် မိသားစုအနေဖြင့်သော်၄င်း၊ အသင်း တော်အနေဖြင့် ၄င်းကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းကို နည်းမျိုးစုံဖြင့်ပြုလုပ်နိုင်သည်။ ဥပမာ–

၁။ ဘုရားသခင်၏ဂုဏ်တော်၊ ကျေးဇူးတော်များကို စိတ်နှလုံးပါလျက် နှုတ်ဖြင့်ဝန်ခံချီးမွမ်းခြင်း၊လူများရှေ့မှာသက်သေခံခြင်း။

၂။ ချီးမွမ်းသီချင်းသီဆိုခြင်း၊ တူရိယာမျိုးစုံတီးမှုတ်လျက်၊ ကခုန်လျက် လက်ကိုချီမြှောက်လျက်၊လက်ခုပ်တီး၍ကြွေးကြော်လျက် သီဆိုချီးမွမ်းနိုင်ပါသည်။

၃။ ဆုတောင်း၍ ကျေးဇူးတော်ဂုဏ်တော်များကို ချီးမွမ်းနိုင်ပါသည်။ မတ်တပ်ရပ်လျက်၊ လက်ကိုချီမြှောက်လျက်၊ ဒူးထောက်လျက် ဆုတောင်းကာချီးမွမ်းနိုင်ပါသည်။

၄။ ဆွေမျိုးမိတ်ဆွေများ၊ အသင်းတော်ကိုခေါ်ဖိတ်ပြီး ဆုတောင်းစည်းဝေးပြုလုပ်ကာကျေးဇူးတော်ချီးမွမ်းနိုင်ပါသည်။

၅။ မိမိ၏အချိန်၊ ဆုကျေးဇူးများနှင့်အစွမ်းသတ္တိကို အချိန်ပိုင်းသော်၄င်း၊ အချိန်ပြည့်သော်၄င်း၊ အခွင့်အခါရသည့် အခါတိုင်းသော်၄င်း ဘုရားသခင်၏ အမှုတော်လုပ်ငန်းတွင် ဆက်ကပ်အသုံးတော်ခံခြင်းဖြင့် ကျေးဇူးတော်ချီးမွမ်းနိုင်ပါသည်။

၆။ မိမိပိုင်သောငွေကြေးနှင့် ဥစ္စာပစ္စည်းများကို ဘုရားသခင်ထံ ပေးလှူခြင်းဖြင့် ကျေးဇူးတော်ချီးမွမ်းနိုင်သည်။

၇။ လိုအပ်သောသူများကို ကူညီမစခြင်း၊ ပေးကမ်းလှူဒါန်းခြင်းဖြင့်ကျေးဇူးတော်ကို ချီးမွမ်းနိုင်သည်။

၈။ ဓမ္မသဘင်များ ကျင်းပကာ ကျေးဇူးတော်ချီးမွမ်းနိုင်သည်။ ဥပမာယုဘိလ၊ အသင်းတော်၏ အရေးကြီးသော အထိမ်းအမှတ်နေ့ရက်၊နှစ်ပတ်လည်၊ ဗိမာန်တော်အနုမောဒနာ စသည့်ဓမ္မသဘင်များ။

## (င) ကျေးဇူးတော်ချီးမွမ်းလျက်ဆုတောင်းရမည့်အရာများ။

၁။ မိမိအသင်းတော်၊ မြန်မာပြည်နှင့်ကမ္ဘာလုံးဆိုင်ရာ ပျောက်ဆုံးဝိညာဉ်များကယ်တင်ခြင်းသို့ရောက်ရန်နှင့်ပျောက်ဆုံးဝိညာဉ်ကယ်တင်ခြင်းအမှုတော်လုပ်ငန်းများအတွက်။

၂။ မိမိအသင်းတော်၊ မြန်မာပြည်နှင့် ကမ္ဘာလုံးဆိုင်ရာဝိညာဉ်ရေးနိုးထရန်။

၃။ မိမိကိုယ်တိုင်နှင့် အသင်းတော်ရှိယုံကြည်သူများ ဝိညာဉ်ရေး၌ ကြီးထွားရင့်ကျက်မှုရှိရန်။

၄။ မိမိအသင်းတော်၊ မြန်မာပြည်နှင့် ကမ္ဘာလုံးဆိုင်ရာ အမှုတော်ဆောင် များ၊ သာသနာပြုဆရာ/မများ၊ ကျမ်းစာကျောင်းဆရာ/မများ၊ အဖွဲ့အစည်းအမျိုးမျိုး၌ အမှုတော်ဆောင်နေသူများအတွက်။

၅။ မိမိအသင်းတော်၊ နယ်အဖွဲ့၊ MBC နှင့်ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်အဖွဲ့အစည်းများနှင့် အသင်းတော်များအတွက်။

၆။ မြန်မာပြည်နှင့် ကမ္ဘာလုံးဆိုင်ရာအစိုးရများ၊ ငြိမ်းချမ်းရေး၊တရားမျှတရေး၊အန္တရာယ်အမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ရသူများအတွက်။

၇။ မိမိသိသောသူများအတွက်နှင့် မိမိကိုယ်တိုင်အတွက်။

## နိဂုံး

မိုးကောင်းကင်သည်ဘုရားသခင်၏ ဘုန်းအသရေတော်ကိုကြား ပြော၍ မိုးမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏(ဆာ၊၁၉ း၁)။ ဝေနေယျသတ္တဝါအပေါင်းနှင့် ရေမြေတောတောင် သစ်ပင်ပန်းမန်တို့သည်၄င်း၊ ပင်လယ်သမုဒ္ဒရာနှင့် လှိုင်းတံပိုးတို့သည် ၄င်း၊ နေလကြယ်နက္ခတ်တာရာများနှင့် ကမ္ဘာမိုးမြေမှာရှိသော အရာခပ်သိမ်းတို့သည် ဖန်ဆင်းရှင်ထာဝရဘုရားကို ညွှန်ပြလျက်ချီးမွမ်း ကြသည်။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသော လူသားများသည် ဖန်ဆင်းရှင်ကို ချီးမွမ်းလျှင်မင်္ဂလာရှိ၍ ဖန်ဆင်းရှင်အစား အခြားဖန်ဆင်းသောအရာ၊ သို့မဟုတ် မိမိကိုယ်ကို ချီးမွမ်းလျှင် အမင်္ဂလာ ဖြစ်သည်။ ဗာဗုလုန်မင်းကြီးနေဗုခဒ်နေဇာသည် ဘုရားသခင်၏ ဂုဏ် ကျေးဇူးတော်များကို ဝန်မခံ၊ မချီးမွမ်းဘဲ မာန်မာနထောင်လွှားကာ မိမိ၏ ဘုန်းတန်ခိုး ဘုန်းအာနုဘော်တော်ကို ချီးမွမ်းသောကြောင့် လူစုထဲက နှင်ထုတ်ခံရ၍ မြေတိရစ္ဆာန်တို့နှင့် အတူနေကာ နွားကဲ့သို့မြက်စား၍ တောထဲမှာ ခုနစ်နှစ်ပတ်လုံး နေခဲ့ရသည်။ ခုနစ်နှစ်စေ့၍ ကောင်းကင်သို့ မျှော်ကြည့်ပြီး သတိပြန်ရကာ ထာဝရဘုရားကို ကောင်းချီးပေး၍ချီးမွမ်း ထောမနာပြုသောအခါမှ လူ့စိတ်သဘောပြန်ရရှိ၍ ရှင်ဘုရင်နေရာပြန် ရခဲ့သည် (ဒံ၊၄း၁–၃၇)။ ကျေးဇူးတော်ချီးမွမ်းလျက် ဆုတောင်းခြင်းသည် အကောင်းဆုံး လက်နက်ဖြစ်သည်။

သိက္ခာတော်ရဆရာမဒေါက်တာဒေါ်မာန်ကြွယ်
တွဲဖက်သင်းအုပ်၊ဖလမ်းနှစ်ခြင်းခရစ်ယာန်အသင်းတော်(ရန်ကုန်)။

◈◈◈◈◈

# ယုဒသန်နေ့အကြိုတစ်ပတ်တာ
## ဆင်ခြင်အောက်မေ့ရန်ကျမ်းပိုဒ်များနှင့် ဆုတောင်းချက်များ

### *ဇူလိုင်(၇)၊ ၂၀၁၄(တနင်္လာနေ့)*

❒ **ဆင်ခြင်ရန်** ***ကျေးဇူးတော်ချီးမွမ်းရန် အမိန့်တော်နှင့် အလိုတော်ရှိသည်။***

(၁) အရာရာ၌ ကျေးဇူးတော်ချီးမွမ်းရန် (၁သက် ၅း၁၈)အကောင်းအဆိုး အရာရာတွင် ကျေးဇူးတော်ချီးမွမ်းလောက်သော အခြေအနေ၊အကြောင်းရင်းခံရှိနေသဖြင့် ကျေးဇူးတော်ချီးမွမ်းရသည်။

(၂) ဆင်းရဲဒုက္ခထဲတွင်ပင် ကျေးဇူးတော်ချီးမွမ်းရန် (၂ကော ၄း၁၆–၁၈)ယုံကြည်သူများ၏ 'ပြင်လူ'နှင့်'ထင်ရှားသောအရာ'များ ဖောက်ပြန် ပျက်ဆီးသွားသော်လည်း မထင်ရှားသော 'အတွင်းလူ'မူကား တစ်နေ့ထက်တစ်နေ့ ပြုပြင်ခြင်းကိုခံရ၍ နိစ္စထာဝရ ဘုန်းအသရေ ကိုပင်ဖြစ်စေသည်။

❒ **ကျေးဇူးတော်ချီးမွမ်းဆုတောင်းရန်**

(၁) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော နှစ်ခြင်းသာသနာ နှစ်(၂၀၀)ပြည့် ကျေးဇူးတော်ချီးမွမ်းခြင်း ပွဲတော်ကြီးနှင့် ဘုရားသခင် အသုံးပြုတော်မူသော နှစ်ခြင်းသာသနာတော်ကြီးအတွက် ကျေးဇူးတော်ချီးမွမ်းရန်။

(၂) နှစ်ခြင်းသာသနာ နှစ်(၂၀၀)အလွန် သာသနာလုပ်ငန်းစီမံချက် ရေးဆွဲ ဖော်ထုတ်နိုင်ခြင်းနှင့် အထူးစီမံကိန်း(၁၄)ခု၊ ချမှတ်နိုင်ခြင်းအတွက်။

(၃) ရွှေပြည်မြန်မာ နှစ်ခြင်းသာသနာလုပ်ငန်း(၂၀၀၃–၂၀၁၃)ကာလ အသင်း တော်နိုးထမှုနှင့် စံပြသာသနာကွင်းများမှ ပေါ်ထွန်းလာသော အသင်း တော်ပေါင်း (၂၀၁)ပါးအတွက် ကျေးဇူးတော်ချီးမွမ်းရန်။

(၄) ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ နယ်အဖွဲ့(၁၈)ပါး၊ မြေပြန့်သာသနာ လုပ်ငန်း(ပုသိမ်)၊ မြို့သာသနာ(ရခိုင်ပြည်နယ်)နှင့် သာသနာလုပ်ငန်းများ၊ အနာဂတ်စီမံကိန်းများအတွက်။

(၅) အထူးစီမံကိန်းများ(စာ–၂၈)အတွက် သတိရဆုတောင်းပေးရန်။

### *ဇူလိုင်(၈)၊ ၂၀၁၄(အင်္ဂါနေ့)*

❒ **ဆင်ခြင်ရန်** ***ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်သစ္စာတော်***

(၁) သန့်ရှင်းတော်မူခြင်း (ဟောရှာ ၆း၃)
ကောင်းကင်တမန်သရပ်များကဲ့သို့ ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်း ဂုဏ်တော်ကိုသာ အာရုံပြုစဉ်းစားနေနိုင်ရန် လိုသည်။

(၂) သစ္စာတော်တည်မြဲခြင်း (၂ရာ ၂၂း၃၁၊ က ၉း၁၂၊ တော ၁၄း၂၄) ကိုယ်တော့်ကို ခိုလှုံသောသူသာမက၊ သားမြေးအစဉ်အဆက်အား သစ္စာတော်နှင့် ပတ်ရစ်ပေးတော်မူသည်။

❒ **ဆုတောင်းရန်**

(၁) ချင်းနှစ်ခြင်းအဖွဲ့ချုပ်၏ ချင်းတွင်း၊ ယော၊ ပခုက္ကူနှင့် ထီးလင်းသာသ နာကွင်းများ အောင်မြင်ရန်နှင့် နယ်အဖွဲ့၊ အဖွဲ့ချုပ်တစ်ခု အဆင့်သို့ အမြန်ဆုံး မြှင်တင့်ပေးနိုင်ရေး။

(၂) ရှမ်းပြည်နယ်မြောက်ပိုင်း နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ 'သိက္ခာတော်ရ ဒေါက်တာအောင်ဒင်နှင့် ရှေးဘိုးဘေးများ အောက်မေ့ဖွယ် အဆောက်အဦ'အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းရန်နှင့် အလုံးပြီးစီးနိုင်ရေး၊ အနာဂတ်သာသနာလုပ်ငန်း များအတွက်။

(၃) ရှမ်းပြည်နယ်အရှေ့ပိုင်း နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ သာသနာလုပ် ငန်းများနှင့် ဒေသအတွင်း မူးယစ်ဆေးဝါးအန္တရာယ် များအတွက်။

(၄) ခေါင်းဆောင်မြှင့်တင်ရေးဌာန၏ ပညာသင်စေလွှတ်ခြင်းနှင့် နှစ်(၂၀၀) အလွန် အထူးစီမံကိန်းဝင် စာကြည့်တိုက်လုပ်ငန်းစီမံကိန်း၊ ပညာသင် ထောက်ပံ့ရေး သိန်းသုံးထောင်စီမံကိန်း၊ တုရန္တရိပ်သာနှင့် အနာဂတ် ခေါင်းဆောင်မြှင့်တင်ရေး လုပ်ငန်းများအတွက်။

(၅) ခရစ်ယာန်ဆက်သွယ်ရေးဌာန၏ ဌာန၏အသွင်ပြောင်းရေး လုပ်ငန်း စဉ်များ အောင်မြင်ချောမွေ့စေရန်နှင့် မီဒီယာအားဖြင့် ထိရောက်စွာ သာသနာပြုနိုင်ရေး၊ နှစ်(၂၀၀)အလွန် အထူးစီမံကိန်းဝင် 'ဆက်သွယ် ရေးအကယ်ဒမီ စီမံကိန်း'တို့အတွက်။

(၆) အထူးစီမံကိန်းများ(စာ–၂၈)အတွက် သတိရဆုတောင်းပေးရန်။

### *ဇူလိုင်(၉)၊ ၂၀၁၄(ဗုဒ္ဓဟူးနေ့)*

**❐ ဆင်ခြင်ရန်　　ဘုရားသခင်၏ ဂရုဏာတော်တည်မြဲခြင်းနှင့် တရားသဖြင့် စီရင်တော်မူခြင်း**

(၁) ဂရုဏာတော် အစဉ်အမြဲတည်နေခြင်း (ဆာ ၁၃၆း၁–၃၊ ၂၆)ဘုရား သခင်၏ကိုယ်တိုင်တည်ရှိတော်မူခြင်း၊ အံ့ဖွယ်အမှုကိုပြုခြင်း၊ ဖန်ဆင်း ခြင်း၊ လူမျိုးတော်ကို ရန်ပြုသူများအား ရန်ဘက်ပြုတော်မူခြင်း စသည် တို့သည် ဂရုဏာတော်အားဖြင့်သာဖြစ်သည်။

(၂) တရားသဖြင့် စီရင်တော်မူခြင်း (ယောဘ ၃၅း၁၄၊ ဒေ ၁၂း၁၅)ဘုရားသခင်ကို မတွေ့မမြင်ရသော်လည်း ခပ်သိမ်းသောဝှက်ထား ခြင်းမှစ၍ တရားသဖြင့် စီရင်တော်မူမည်။

**❐ ဆုတောင်းရန်**

(၁) ရွှေလီရှမ်းနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၏ ရှမ်း၊ ပလောင်နှင့် ခိုလုံ့လီရှောလူမျိုးများအား သာသနာပြုခြင်းလုပ်ငန်းများနှင့်ဒေသ အတွင်း မူးယစ်ဆေးဝါးအန္တရယ်တို့အတွက်။

(၂) လီဆူနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ ''သုံးနှစ်တစ်ရာ'' သာသနာလုပ်ငန်းနှင့် အဖွဲ့ချုပ်ဝင်းအတွင်း အသစ်တည်ဆောက်ရန်ရှိ သောသုံးထပ်ဆောင်၊ လေးထပ်ဆောင် အဆောက်အဦနှစ်လုံးအတွက်။

(၃) ပိုးကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၏သာသနာလုပ်ငန်းများနှင့်'ဖိုးသူ တော်သာသနာလုပ်ငန်း'အတွက်။

(၄) စာပေနှင့်ပုံနှိပ်ထုတ်ဝေရေးဌာနမှ ဖော်ဆောင်နေသော စာပေသာ သနာလုပ်ငန်းများနှင့် ဝန်ထမ်းများအတွက်၊ မေတ္တာတမန်မဂ္ဂဇင်း (လစဉ်၊စောင်ရေ–၁၂၀၀၀)လုပ်ငန်း၊ ပုံနှိပ်တိုက်လုပ်ငန်း၊ ထုတ်ဝေ ဖြန့်ချီလုပ် ငန်းများအတွက်။

(၅) အတွဲ(၁၇)တွဲပါ William Barclay Commentary (မြန်မာ)နှင့်မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေရန်ရှိသော Burma Baptist Chronicle(၁၉၆၃–၂၀၁၃)၊နှစ်စဉ်ပြုလုပ်နေကျစာပေရေးသားနည်း သင်တန်းအားဖြင့် ခရစ်ယာန်စာရေးများစွာ မွေးထုတ်ပေးနိုင်ရေး။

(၆) အထူးစီမံကိန်းများ(စာ–၂၈)အတွက် သတိရဆုတောင်းပေးရန်။

### *ဇူလိုင်(၁၀)၊ ၂၀၁၄(ကြာသပတေးနေ့)*

**❐ ဆင်ခြင်ရန်　　ကာလအစဉ်စိတ်နှလုံးပါလျက် ဆုတောင်းနိုင်ရန်**

(၁) ဘုရားသခင်ကိုသာ အာရုံစိုက်ရန်(ဖိ ၄း၆)ဘုရားသခင်၏ တတ်စွမ်းနိုင်မှုကို ယုံကြည်စိတ်ချသောကြောင့်သာလျှင်၊ အရာရာ (အကောင်းအဆိုး)၌ ကျေးဇူးတော်ချီးမွမ်းနိုင်မည်။

(၂) ကာလအစဉ် စိတ်နှလုံးပါလျက် (ဧ ၆း၁၈)အစဉ်အလာ၊ ဘာသာရေးဝတ် တစ်ခုအရမဟုတ်ဘဲ ကာလအစဉ်ဆုတောင်းပဋ္ဌနာ ပြုရန်လို။

**❐ ဆုတောင်းရန်**

(၁) လားဟူနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၏ သာသနာလုပ်ငန်းများနှင့် ဒေသတွင်း မူးယစ်ဆေးဝါး အန္တရယ်များအတွက်။

(၂) မြန်မာနိုင်ငံ နှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ်၏ 'အဦးသီးဦးနှော နှစ်(၂၀၀)ပြည့် သာသနာ့စီမံကိန်း(၂၀၁၄–၂၀၁၉)'နှင့် အခြားသာသ နာ့လုပ်ငန်းများ၊ ခေါင်းဆောင်များနှင့် ယုံကြည်သူများအတွက်။

(၃) အရှိုချင်းနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၏ ၁၂၅ နှစ်ပြည့်အလွန် သာသ နာကွင်းသစ်များ ဖော်ထုတ်ရေးစီမံကိန်းများနှင့် ခေါင်းဆောင်များ၊ ယုံကြည်သူများအတွက်။

(၄) ဓမ္မအမှုတော်ဆောင်များဌာနမှ ဖော်ဆောင်နေသော လုပ်ငန်းများနှင့် ရင်းနှီးမတည်ငွေစီမံကိန်းအတွက်။

(၅) အမျိုးသားဌာနမှ ဖော်ဆောင်နေသော လုပ်ငန်းများနှင့် 'မုတ်သုန် သမ္မာကျမ်းစာသင်တန်း'၊ ၂၀၁၅ ခုနှစ်တွင်ပြုလုပ်မည့် '**စတုတ္ထအကြိမ် အမျိုးသားဓမ္မညီလာခံ**'အတွက်။

(၆) ဘဏ္ဍာရေးနှင့် ပစ္စည်းထိန်းဌာန၏ လုပ်ငန်းအရပ်ရပ်နှင့် နှစ်(၂၀၀) အလွန် အထူးစီမံကိန်းဝင်၊ Judson Christian Guest-house ဆောက်လုပ်ရေးစီမံကိန်း၊ ဝန်ထမ်းအိမ်ယာဆောက်လုပ်ရေးစီမံကိန်း၊ ဆုတောင်းတောင်ကုန်းဆောက် လုပ်ရေးစီမံကိန်း၊ အရာရှိအိမ်ယာများ ဆောက်လုပ်ရေးစီမံကိန်း၊ အသင်းချုပ်ဝင်း မွမ်းမံတည်ဆောက်ရေးစီမံကိန်း စသည်တို့နှင့် တာဝန်ရှိသူများအတွက်။

(၇) အထူးစီမံကိန်းများ(စာ–၂၈)အတွက် သတိရဆုတောင်းပေးရန်။

### *ဇူလိုင်(၁၁)၊ ၂၀၁၄(သောကြာနေ့)*

**❐ ဆင်ခြင်ရန်　　ဆုတောင်းရာတွင် သာသနာတော်တည်တံ့ ပွားများရေးကို အဓိကထားသင့်။**

(၁) သာသနာပြုသူနှင့် ယုံကြည်သူများအတွက်ဆုတောင်းပေးရန်(၁သက် ၅း၂၅၊ ၂သက် ၃း၂၊ ဟေဗြဲ ၁၃း၁၈၊ ကော ၁း၉)
(၂) ဝေဝေလီတရား ပြန့်ပွားရေးအတွက် (ကော ၄း၃)ဝေဝေလီတရား တံခါးပွင့်ရန်၊ ရဲရင့်စွာဟောပြောသက်သေခံနိုင်ကြရန်။

❒ **ဆုတောင်းရန်**

(၁) နာဂနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ သာသနာလုပ်ငန်းများနှင့် နာဂတစ် မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်။
(၂) မွန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ သာသနာလုပ်ငန်းများနှင့် မွန်တစ်မျိုး သားလုံး ခရစ်တော်၏ဝေဝေလီတရား ကြားသိနိုင်ရေး အတွက်။
(၃) ရှမ်းပြည်နယ်တောင်ပိုင်း တိုင်းရင်းသားနှစ်ခြင်းခရစ်ယာန် အနီးသာသ နာအဖွဲ့ချုပ်၏ သာသနာလုပ်ငန်းများနှင့် ခေါင်းဆောင်များ၊ ယုံကြည် သူများအတွက်။
(၄) မောန္ဒေလနှစ်ခြင်းအသင်းတော်၏ သာသနာလုပ်ငန်းများအတွက်။
(၅) လူငယ်ဌာန၏ ၂၀၁၄ ခုနှစ်အတွက် ဆောင်ရွက်စရာ အစီအစဉ်များနှင့်'ရဲတိုက်'မဂ္ဂဇင်းတို့အတွက်။
(၆) ခရစ်ယာန်ဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာနမှ ဖော်ဆောင်နေသော လုပ်ငန်းများနှင့် နှစ်(၂၀၀)အလွန် အထူးစီမံကိန်းဝင် 'ဘက်စုံစိုက် ပျိုးမွေးမြူရေးခြံနှင့်သင်တန်းကျောင်း' (Sustainable Agricultural Institute) အတွက်။
(၇) သီအိုလော်ဂျီပညာဌာန၏ လုပ်ငန်းစဉ်များနှင့် အသင်းချုပ်အောက် ရှိနှစ်ကျမ်းစာကျောင်း (၄၅)ကျောင်းအတွက်။
(၈) အထူးစီမံကိန်းများ(စာ-၂၈)အတွက် သတိရဆုတောင်းပေးရန်။

## *ဇူလိုင်(၁၂)၊ ၂၀၁၄(စနေနေ့)*

❒ **ဆင်ခြင်ရန် မည်သည့်ဆုကို တောင်းရမည်နည်း**

(၁) မိမိအားဖြင့်သာ ဤလောကသည် ကောင်းကြီးခံစားရမည်ဖြစ်ကြောင်း ယုံကြည်သူတိုင်းသဘောပေါက်ကြစေရန်။ (မ ၅း၁၃၊ က၊၁၂း၃)။
(၂) ယုံကြည်သူများသည် သဘောတူညီညွတ်ခြင်းအားဖြင့် အလင်း,လင်း နိုင်ကြရန်လိုအပ်သည်။ (မ ၅း၁၄)။

❒ **ဆုတောင်းရန်**

(၁) 'ဝ'နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ သာသနာလုပ်ငန်းများနှင့် ရင်ဆိုင် နေရသော အသင်းတော်တွင်းပြဿနာများအတွက်၊ ၂၀၁၅ ခုနှစ်တွင် အသင်းချုပ်၏ အုပ်ချုပ်စီမံရေးနှင့် နှစ်ပတ်လည်းအစည်းအဝေးကို အိမ်ရှင်ပြုရေးအတွက် အထူးသတိရဆု တောင်းပေးရန်။
(၂) အာခါနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၏ သာသနာလုပ်ငန်းများနှင့် ဒေသတွင်း မူးယစ်ဆေးဝါး အန္တရယ်များအတွက်။
(၃) တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ 'ကလေးကဘော် သာသနာကွင်း'နှင့်အခြားသော သာသနာလုပ်ငန်းများအတွက်။
(၄) ခရစ်ယာန်ဓမ္မပညာဌာန၏ လုပ်ငန်းများနှင့် ဝန်ထမ်းများအတွက်။
(၅) ဝေဝေလီနှင့် သာသနာပြုရေးဌာနမှ ဆက်လက်ဖော်ဆောင်သွား ရန်ရှိသော 'ရွှေပြည်မြန်မာ နှစ်ခြင်းသာသနာလုပ်ငန်း၊ ဒုတိယ ဆယ်စုနှစ်(၂၀၁၄-၂၀၂၄)'၊ ဝေစာသာသနာလုပ်ငန်း၊ သမ္မာကျမ်းစာ, စာပေးစာယူသင်တန်း၊ ပြည်ပသာသနာလုပ်ငန်းများကို ထိရောက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးနှင့် နှစ်(၂၀၀)အလွန် အထူးစီမံကိန်းဝင် 'မြန်မာနိုင်ငံယဉ်ကျေးမှုခြားသာသနာပြု သင်တန်း ကျောင်း' (Myanmar Crosscultural Mission Training Center: MCMTC)တို့ အောင်မြင်ရေးအတွက်။
(၆) အထူးစီမံကိန်းများ(စာ-၂၈)အတွက် သတိရဆုတောင်းပေးရန်။

## *ဇူလိုင်(၁၃)၊ ၂၀၁၄(တနင်္ဂနွေနေ့)*

❒ **ဆင်ခြင်ရန် ယုံကြည်သူများသည် ဆုတောင်းခြင်းဖြင့် နိုင်ငံ တည်ဆောက်သူများ ဖြစ်လာရန်လိုသည်။**

(၁) တိုင်းပြည်နှင့်လူမျိုးအတွက် ဆုတောင်းပဋ္ဌနာပြုရန်(၁တိ ၂း၂၊ ၆ရာ ၇း၁၄)။
ငြိမ်ဝပ်ဆိတ်ညံ့စွာနေထိုင်နိုင်ရေး၊ အုပ်ချုပ်သူများနှင့် လူအမျိုးမျိုးတို့ အတွက် ဆုတောင်းပေးရန်လိုသည်။
(၂) အစာရှောင်လျက် ဆုတောင်းရန်လို (မ ၄း၂၊ ယာ ၅း၁၇-၁၈)သခင် ဘုရားကိုယ်တိုင်နှင့် ဧလိယတို့သည် အစာရှောင်ဆုတောင်းခြင်း ဖြင့် သဘာဝတရားကို ချုပ်ကိုင်နိုင်ခဲ့ပြီး၊ အစာရှောင်ဆုတောင်းခြင်း ကိုလည်း အားပေးခဲ့သည်(မ ၁၇း၂၁)။

❒ **ဆုတောင်းရန်**

(၁) နိုင်ငံတော်သည် ပဋိပက္ခအားလုံးချုပ်ငြိမ်း၍ စစ်မှန်ငြိမ်းချမ်းသော၊ လူလူချင်းတန်းတူတန်ဖိုးထားပြီး၊ တရားမျှတမှု အပြည့်ရှိသော ပြည် ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်လာစေရန်။

(၂) နိုင်ငံတော်နှင့် တပ်မတော်ခေါင်းဆောင်များသည် ဒီမိုကရေစီစနစ် စစ်မှန်စွာဖြင့် စေတနာအပြည့် ဦးဆောင်ခြင်းအားဖြင့် သာယာဝပြော၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာစေရန်။
(၃) ဧဝံဂေလိတရားကို လွတ်လပ်စွာဝေငှ ဟောပြောနိုင်သော အနေအထား ဖြစ်ပေါ်လာစေရန်။
(၄) ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ 'နိနေဝေ'အပါအဝင် သာသနာ လုပ်ငန်းများနှင့် ကချင်တစ်မျိုးသားလုံး ရင်ဆိုင်နေရသော အခက်အခဲများ(ဒေသတွင်း မငြိမ်းချမ်းမှု၊ နိုင်ငံရေးရှုန်းကန်မှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်)အတွက်။
(၅) ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP မိသားစုများ မိမိရပ်ရွာနေအိမ်များသို့ အေးချမ်းစွာပြန်လည်နေထိုင် သွားနိုင်ရန်။
(၆) ရခိုင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၏ သာသနာ့လုပ်ငန်းများနှင့် သာသနာ့ခေါင်းဆောင်များ၊ ယုံကြည်သူများအတွက် သတိရဆုတောင်းပေးရန်။
(၇) ယုဒသန်နှစ်ခြင်းအသင်းတော်၏ သာသနာလုပ်ငန်းများအတွက်။
(၈) အမျိုးသမီးဌာနမှ ဖော်ဆောင်နေသော သာသနာလုပ်ငန်းများနှင့် နှစ်(၂၀၀)အလွန် အထူးစီမံကိန်းဝင် 'ဘဝသစ်ရိပ်သာ စီမံကိန်း' (New Life Center Project) တို့အတွက် သတိရဆုတောင်းပေးရန်။
(၉) အထူးစီမံကိန်းများ(စာ–၂၈)အတွက် သတိရဆုတောင်းပေးရန်။

◈◈◈◈◈

## နှစ်(၂၀၀)အလွန်၊နှစ်ခြင်းသာသနာ(၁၀)နှစ်စီမံကိန်း

### "ဆုတောင်းပေးရန်အချက်များ"

**လူငယ်ဌာန**
၁။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက်။

**မြန်မာနိုင်ငံဓမ္မတက္ကသိုလ်(MIT)**
၂။ မြန်မာနိုင်ငံ ခရစ်ယာန်ဓမ္မတက္ကသိုလ် ဖွင့်လှစ်ရေးစီမံကိန်း။

**ဘဏ္ဍာရေးနှင့်ပစ္စည်းထိန်းဌာန**
၃။ Judson Christian Guest-houseဆောက်လုပ်ရေးစီမံကိန်း။
၄။ ဝန်ထမ်းအိမ်ယာဆောက်လုပ်ရေးစီမံကိန်း ။
၅။ ဆုတောင်းကုန်းဆောက်လုပ်ရေးစီမံကိန်း။
၆။ အရာရှိအိမ်ယာများ ဆောက်လုပ်ရေးစီမံကိန်း။
၇။ အသင်းချုပ်ဝင်းမွမ်းမံတည်ဆောက်ရေးစီမံကိန်း။

**အမျိုးသမီးဌာန**
၈။ ဘဝသစ်ရိပ်သာ (New Life Center)စီမံကိန်း။

**ခေါင်းဆောင်မြှင့်တင်ရေးဌာန**
၉။ စာကြည့်တိုက်လုပ်ငန်းစီမံကိန်း။
၁၀။ ပညာသင်ထောက်ပံ့ရေး သိန်း၃၀၀၀စီမံချက်။

**ခရစ်ယာန်လူမှုဝန်ထမ်းခြင်းနှင့် ဖွံ့ဖြိုးရေးဌာန**
၁၁။ Sustainable Agriculture Institute ဖွင့်လှစ်ရေးစီမံကိန်း။

**ဧဝံဂေလိနှင့်သာသနာပြုရေးဌာန**
၁၂။ မြန်မာနိုင်ငံ ယဉ်ကျေးမှုခြားသာသနာပြုသင်တန်းကျောင်း။(Myanmar Crosscultural Missionary Training Center: MCMTC)

**ခရစ်ယာန်ဆက်သွယ်ရေးဌာန**
၁၃။ ဆက်သွယ်ရေးအကယ်ဒမီကျောင်းစီမံချက်။

◈◈◈◈◈

## ဆရာကြီးယုဒသန်နှင့်မြန်မာပြည်သာသနာ

သမိုင်းအရှင် ဘုရားသခင်သည် မိမိအလိုတော် ပြည့်စုံစေရေး နိုင်ငံတစ်နိုင်ငံလျှင်၊ ဂိုဏ်းဂဏတစ်ခုစီကို အဓိကရွေးချယ် တာဝန်ပေး ထားကြောင်း၊ မြန်မာနိုင်ငံအတွက်လည်း မိမိတို့နှစ်ခြင်းအသင်းတော် များထံသို့ ဆရာကြီးယုဒသန်မှတဆင့် လက်ဆင့်ကမ်းလာသော ဘုရား ပေးမဟာတာဝန်ကြီးကို သိရှိအောင် မီးမောင်းထိုးထားပါသည်။

### အပိုင်း(က) ဆရာကြီးယုဒသန်အကြောင်းသိမှတ်ဘွယ်ရာသမိုင်းအကျဉ်း

၉/၈/၁၇၈၈ ဆရာကြီးယုဒသန်သည် အမေရိကပြည်Massachusets ပြည်နယ် Malden မြို့တွင် Rev. Adoniran Judson Sr. နှင့်ဇနီး Abigail Brown Judson တို့မှပေါက်ဖွားသော အကြီးဆုံးသားကြီးဖြစ်ပါသည်။

၁၁/၈/၁၈၀၂ မက်ဆက်ချူးဆက်ပြည်နယ်၊ Plymouth မြို့သို့ သာသနာပြုတာဝန်ဖြင့် မိသားစုပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

၁၇/၈/၁၈၀၄ Rhoges Island ပြည်နယ် Brown University တွင် ပညာဆည်းပူးခဲ့ပါသည်။ တက္ကသိုလ်ပညာဆည်းပူးစဉ် ဘုရားမဲ့ဝါဒီ Jacob Eames နှင့် ရင်းနှီး၍ ယင်းဝါဒကို ခံယူခဲ့သည်ဟု စာအဆိုရှိခဲ့ပါသည်။

၂/၉/၁၈၀၇ Brown တက္ကသိုလ်မှ B.A ဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့် ရရှိခဲ့ပါသည်။

၁၇/၉/၁၈၀၇ ကလေးသူငယ်တို့အတွက် Plymouth Independent Academy အလွတ်ပညာသင်ကျောင်းဖွင့်လှစ်၍ ခေတ္တမျှ သင်ကြားပို့ချပေးခဲ့သည်။

၁၁/၈/၁၈၀၈ လူငယ်သဘာဝ တည်ငြိမ်မှုမရသေးပဲ နေအိမ်မှခွာ၍ အရပ်ရပ် လှည့်လည်ခရီးသွားစဉ် တစ်နေ့သောည၌ တည်းခိုခန်းတစ်ခု၏ ကပ်လျက်အခန်းတွင် ဝေဒနာသည် တစ်ဦး ပြင်းပြစွာဝေဒနာခံစား ကွယ်လွန်ခဲ့ရာ သူငယ်ချင်း ဘုရားမဲ့ဝါဒီ Jacob Eames ဖြစ်ကြောင်း သိရလေသည်။ ဤသေခြင်းကြောင့် စိတ်လှုပ်ရှားလျက် မိသားစုနေအိမ်သို့ ၂၂-၉-၁၈၀၈တွင် ပြန်လည်ရောက်ရှိသည်။

၂/၁၀/၂၈၀၈ ဓမ္မဝန်ဆောင် ဆရာကြီးတို့၏ အကြံပြုဖိတ်ခေါ်မှုဖြင့် Andover မြို့တွင် စတင်တည်ထောင် ဖွင့်လှစ်သော ကျမ်းစာကျောင်း Andover Theological Seminary သို့ တက်ရောက်လျက် ဓမ္မပညာဆည်းပူးခဲ့သည်။

၂၈/၅/၁၈၀၉ ဖခင် သင်းအုပ်ဆရာအဖြစ် တာဝန်ယူလျက်ရှိသော Plymouth Congregation Church တွင် အသင်းသားအဖြစ် စတင်ပါဝင်ခဲ့သည်။

၆/၁၈၀၉ Williams College မှ အောင်မြင်ပြီး၊ ဤကျမ်းစာ ကျောင်းသို့ ရောက်ရှိလာသည့် Samuel.J. Mills, Samuel Nott, Samuel Newells, James Richards, Gordon Hall တို့၏ သာသနာ့သမိုင်းတွင်ထင်ရှားသော ''ကောက်ရိုးပုံဆုတောင်းစည်းဝေး အဖွဲ့''(Hay Stack Prayer Meeting) အဖွဲ့ဝင်များတို့နှင့် မိတ်ဆွေဖြစ်ကြရာမှ သာသနာပြုစိတ်ဓါတ် ပိုမိုတိုးပွားခဲ့သည်ဟု ဆိုလျှင် မှားနိုင်မည်မဟုတ်ပါ။

၉/၁၈၀၉ အိန္ဒိယနိုင်ငံတွင် အရှေ့အိန္ဒိယကုမ္ပဏီ၏ ဓမ္မဝန်ဆောင် Chaplain အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Rev. Claudius Buchanan ၏တရားဟောချက် Star in the East ပုံနှိပ်စာကိုဖတ်ခြင်းဖြင့် အရှေ့တိုင်းတို့တွင် သာ သနာပြုရန် စိတ်ဝင်စားသည်ဟု စာအဆိုရှိပါသည်။

၂/၁၈၁၀ ကျောင်းဝင်းအနီး တောင်ကုန်းတစ်နေရာတွင် အာရုံပြု လမ်းလျှောက်စဉ် ''သင်တို့သည်သွား၍ လူမျိုးတကာတို့ ကိုငါ့တပည့်ဖြစ်စေလျှက်. . . . . ငါသည်လည်း ကပ်ကမ္ဘာ ကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်ရှိမည်'' ဟူသည့် မသဲ(၂၈း၁၈-၂၀)ပါ ကျမ်းစကားများကို နားနှင့်ဆတ်ဆတ် ကြားရသည်တွင် ဘုရားသခင်၏ ခေါ်တော်မူသံ၊ ဘုရားသခင် ပေးတော်မူသော ဗျာဒိတ် ရူပါရုံအဖြစ် ယုံကြည်ခံယူလျှက်၊ သာသနာပြုဆရာအဖြစ် တာဝန်ထမ်းရန် ထိုနေရာတွင်ပင် ဒူးထောက်ဆုတောင်း၊ ဆက်ကပ်ခဲ့သည်။ (ယင်းသို့ ဆက်ကပ်ခဲ့သည့်နေရာ Mission Woods ကျောက်တုံးပေါ်တွင် ကဗျည်းထိုးလျက် မော်ကွန်းတင်ထားပါသည်။

၂၈/၆/၁၈၁၀ New England ဒေသရှိ Congregational အသင်း တော်များ၏ သင်းလုံးကျွတ်စည်းဝေးကို Bradford မြို့တွင်ကျင်းပရာ ယုဒသန်နှင့်အဖွဲ့၏ တင်ပြချက်ကို နှစ်သက်ကြ၍ ပြည်ပသာသနာပြုရေးအတွက် The American Board of Comissioners for Foreign Mission အဖွဲ့ကိုဖွဲ့စည်းရန် အဖွဲ့ဝင်(၃)ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းဆောင်ရွက်စေသည်။

၅/၉/၁၈၁၀ Brown University မှ M.A မဟာဝိဇ္ဇာဘွဲ့ရရှိသည်။

၂၄/၉/၁၈၁၀ Andover Theological Seminary ကျမ်းစာ ကျောင်းမှ ဂုဏ်ထူးဖြင့်အောင်မြင်သည်။

၁၁/၁/၁၈၁၁ သာသနာပြုအဖွဲ့ကြီးတွင် ငွေရေးကြေးရေး အခက်အခဲများကြောင့် လုပ်ငန်းမစနိုင်သေးပဲ ကြန့်ကြာသည်ကိုအား မရသဖြင့် အင်္ဂလန်နိုင်ငံရှိ London Missionary Society နှင့် အဆက်အသွယ်ပြုရန် အင်္ဂလန်သို့ ခရီးပြုခဲ့သော်လည်း လမ်းတွင်ပြင်သစ်တို့၏ ဖမ်းဆီးခြင်းကိုခံရပြီး ရည်ရွယ်ချက် မအောင်မြင် ဖြစ်ခဲ့ရသည်။

၁၈/၉/၁၈၁၁ နိုင်ငံရပ်ခြားသာသနာပြုအသင်းကြီး The American Board of Commissioners for Foreign

Mission အဖွဲ့ကြီး၏ အစည်းအဝေးကို Worcester မြို့တွင်ကျင်းပကြရာ။

၁၉/၉/၁၈၁၁ Adonirum Judson, Samuel Nott, Samuel Newell, Gordon Hall တို့ကို သာသနာပြုဆရာများ အဖြစ်ခန့်ထားစေလွှတ်ရန် ၁၉–၉–၁၈၁၁ နေ့တွင်ဆုံးဖြတ်ခဲ့ပါသည်။

၅/၂/၁၈၁၂ Bradford မြို့နေ သင်းထောက်ကြီးတစ်ဦးဖြစ်သူ John Hasseltine ၏ အငယ်ဆုံးသမီး၊ (၂၃)နှစ်အရွယ်ရှိ ကျောင်းဆရာမ Ann Hesseltine နှင့် ထိမ်းမြားလက် ထပ်ပါသည်။

၆/၂/၁၈၁၂ Salemမြို့Tabernacleတွင် SamuelNott,Samuel Newell, Gordon Hall, Luther Rice တို့နှင့် အတူလက်တင်မင်္ဂလာခံယူပါသည်။

၁၉/၂/၁၈၁၂ Samuel Newell နှင့်ဇနီး Harriet တို့နှင့်မက်ဆက်ချူးဆက်ပြည်နယ်Salemမြို့မှ Caravenအမည်ရှိပင် လယ်ကူးသင်္ဘောနှင့် စတင်ထွက်ခွာလာသည်။

၁၇/၆/၁၈၁၂ အိန္ဒိယနိုင် ကာလ်ကတ္တားမြို့သို့ ၁၇–၆–၁၈၁၂ တွင် ရောက်ရှိကြသည်။ အင်္ဂလိပ်နှစ်ခြင်းသာသနာပြု ဆရာကြီး William Carey, Marshman, William Ward တို့ လာရောက် ကြိုဆိုကြသည်။

၆/၉/၁၈၁၂ ဆရာကြီးယုဒသန်နှင့်ဇနီး Annတို့ ကာလ်ကတ္တား Lal Bazaar နှစ်ခြင်းအသင်းတော်တွင် ဆရာကြီး William Ward လက်ဖြင့် နှစ်ခြင်းမင်္ဂလာခံယူကြပါသည်။

/၁၁/၁၈၁၂ East India Company က နေထိုင်ခွင့်မပြုသော ကြောင့် နိုဝင်ဘာလတွင် အာဖရိတိုက် အရှေ့ကမ်းလွန် မဂဒါးစကားကျွန်းအနီးရှိ ပြင်သစ်ပိုင်ကျွန်း Isle of France သို့ ထွက်ခွာမည့် ပြင်သစ် Labell Croele ဖြင့် ခက်ခဲစွာ လိုက်ပါသွားရသည်။

၁၇/၁/၁၈၁၃ ပြင်သစ်ပိုင်ကျွန်း Isle of Franceသို့ ဆိုက်ရောက်သည်။ ရှေ့ကရောက်နှင့်သော Samuel Newell နှင့် တွေ့ကြသောအခါဇနီး Harriet ကွယ်လွန်ပြီးကြောင်းနှင့် သာသနာပြုရန်အလားအလာမကောင်းကြောင်းသိရသည်။

၇/၅/၁၈၁၃ သာသနာပြုရန် အစစအဆင်မပြေသောကြောင့် မလေး ရှားနိုင်ငံ ပီနန်ကျွန်းသို့ သွားရောက်သာသနာပြုရန် ကြံရွယ်လျက် ပြင်သစ်ပိုင်ကျွန်း Isle of Franceမှ ထွက်ခွာခဲ့ကြရာ ဇွန်လ(၁/၄)ရက်နေ့တွင်Madras မြို့သို့ ဆိုက်ရောက်ကြသည်။ အင်္ဂလိပ်နှစ်ခြင်းသာသနာပြုဆရာ Loveless ဇနီးမောင်နှံအိမ်တွင် ခေတ္တတည်းခို နေထိုင်ခဲ့သည်။

၂၂/၆/၁၈၁၃ East India Company က ကြာရှည်လက်ခံခွင့်မပြု သောကြောင့် သတ်မှတ်ရက်မကုန်မီ ရရာသင်္ဘောဖြင့် ထွက်ခွာရန် ကန့်သတ်ရက်အတွင်း Madras မြို့မှ ထွက်ခွာဖြင့် Georgiana သင်္ဘောဖြင့် တစ်ခုတည်းသော ဒေသဖြစ်သည့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြသည်။

၁၂/၇/၁၈၁၃ ညဦးပိုင်းနေဝင်စအချိန်တွင် Georgiana သင်္ဘောနှင့်ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိသည်။ ဆရာကြီးတစ်ဦးတည်း ကမ်းပေါ်သို့တက်၍ ခေတ္တမျှကြည့်ရှုလေ့လာသည်။

၁၃/၇/၁၈၁၃ (၁၃)ရက်၊ အင်္ဂါနေ့တွင် ဆရာကြီးတို့ဇနီးမောင်နှံသည် ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသော အင်္ဂလိပ်နှစ်ခြင်းသာသ နာပြုဆရာကြီး Felex Carey (William Carey ၏သား)နေအိမ်တွင် ခေတ္တတည်းခို အခြေချခွင့်ရခဲ့သည်။ ထိုအချိန်တွင် ဆရာကြီး Felex Carey သည် အင်းဝနေပြည်တော်တွင်ရောက်နေခိုက်ဖြစ်သော်လည်းဆရာကတော် ကညွှတ်ဝတ်ပြုခဲ့သည်။

***"အခြားသောတံခါးများကို ပိတ်ထားသော်လည်း***
***ဘုရားသခင်သည် မိမိအလိုရှိတော်မူရာ တံခါးတစ်ခုကိုမူ ဖွင့်ထားတော်မူခဲ့သည်ဖြစ်ရာ***
***ကျေးဇူးတော်ပင်ဖြစ်ချေသည်။"***

၁၃/၇/၁၈၁၆ မြန်မာသဒ္ဒါကျမ်း ပြုစုပြီးစည်းသည်။

၂၀/၅/၁၈၁၇ ရှင်မဿဲခရစ်ဝင်ကျမ်းကို မြန်မာဘာသာသို့ စတင်ပြန်ဆိုပါသည်။

၄/၄/၁၈၁၉ မြန်မာစကားဖြင့် ကိုးကွယ်ဝတ်ပြုခြင်း အစပြုခဲ့သည်။

၂၅/၄/၁၈၁၉ ရွှေတိဂုံစေတီသို့ သွားရာလမ်း၌ ဆောက်လုပ်ပြီးစီးသောတရားဇရပ်သစ်တွင် လမ်းသွားလမ်းလာတို့ကို မြန်မာဘာ သာဖြင့် စတင်၍တရားဟောပါသည်။

၃၀/၄/၁၈၁၉ (သောကြာနေ့) မောင်(ဦး)နော လာရောက်တွေ့ဆုံ၍ တရားဆွေးနွေး မေးမြန်းမှုပြုသည်။

၂၇/၆/၁၈၁၉ မြန်မာတိုင်းရင်းသားများထဲမှ ပြောင်းလဲယုံကြည်သက်ဝင်သူ မောင်(ဦး)နောကို နှစ်ခြင်းမင်္ဂလာပေးပါသည်။

၇/၁၁/၁၈၁၉ မောင်(ဦး)သာလှနှင့် မောင်(ဦး)ပြား တို့နှစ်ဦးအား နှစ်ခြင်း မင်္ဂလာပေးပါသည်။

၁၀/၁၁/၁၈၁၉ မြန်မာစကားဖြင့် ပထမဆုံးသော ဆုတောင်းစည်းဝေးကျင်းပသည်။

၂၁/၁၂/၁၈၁၉ လွတ်လပ်စွာသာသနာပြုခွင့်အတွက် ဆရာဂျိမ်(စ်)ကိုလ်မင်း Mr. James Colman မောင်(ဦး)နောတို့နှင့်အတူ အင်းဝနေပြည်တော်သို့ ခရီးပြုခဲ့ရာ ၂၅–၁–၁၈၂၀တွင်ရောက်ရှိကြသည်။ ရန်ကုန်မြို့တွင် ရင်းနှီးခဲ့ဖူးသည့်အရာရှိ တစ်ဦး၏အကူအညီဖြင့် ဘကြီးတော်ဘုရားထံ အခစားဝင်ခွင့် ရလျက် လွတ်လပ်စွာဟောပြောခွင့်ပြုပါရန်လျှောက် ထားသော်လည်းအခွင့်မသာခဲ့ပေ။

၆/၂/၁၈၂၀ နေပြည်တော်တွင် (၁၄)ရက်ခန့် ဆက်လက်နေထိုင်ပြီး(၆–၂–၁၈၂၀)ရက်နေ့တွင် ပြန်လည်ထွက်ခွာခဲ့ကြရာ (၁၈–

၂–၁၈၂၀)ရက်နေ့တွင် ရန်ကုန်သို့ပြန်လည်ရောက်ရှိကြသည်။ ထို့နောက် လွတ်လပ်စွာသာသနာပြုနိုင်ရန်အတွက် သာသနာပြုဌာနကို ရန်ကုန်မြို့မှ စစ်တကောင်းမြို့သို့ ပြောင်းရွှေ့လုပ်ဆောင်ရန် သင့်မသင့်၊ သာသနာပြုဆရာများနှင့် တပည့်တော်တို့ ဆွေးနွေးတိုင်ပင်ကြရာ–

၂၄/၂/၁၈၂၀ နေ့တွင် ဦးပြားက ယောက်ဖတော်စပ်သူ မောင်(ဦး)မြတ်ယာနှင့်အတူလာရောက်၍ မောင်မြတ်ယာသည် နှစ်ခြင်းခံယူရန် စဉ်းစားလျက်ရှိကြောင်းနှင့် သာသနာပြုဆရာ/မတို့ ရန်ကုန်မှ အခြားဒေသသို့ ထွက်ခွာရန်မသင့်သေးကြောင်း၊ အနည်းဆုံးတပည့်တော် (၁၀)ယောက်ရရှိအောင် ကြိုးပမ်း ပြီးမှထွက်ခွာရန်၊ လိုအပ်ပါကတစ်ဦးကို ဆရာအရာခန့်ထားလျက် သွားလိုက်သွားကြရန်နှင့်ဘုရားရှင်၏ သာသနာတော်သည် တိုးပွားမည်အမှန်ဖြစ်ကြောင်း ဖေါ်ပြကြရာ သာသနာပြုတို့အနေနှင့် တပည့်တော်တို့၏ ယုံကြည်ခြင်းကို တွေ့မြင်ရသည့်အတွက် ဝမ်းသာဝမ်းနည်းဖြစ်လျက် အစီအစဉ်ပြောင်း၍ ဆက်လက်နေထိုင် အမှုတော်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

၂၁/၈/၁၈၂၁ ဆရာမအဲန် အမေရိကန်နိုင်ငံသို့ ခေတ္တပြန်သည်။

၁၃/၁၂/၁၈၁၂Dr. Jonathan Price နှင့်ဇနီးရန်ကုန်မြို့ရောက်ရှိသည်။

၂၈/၈/၁၈၂၂ ဘကြီးတော်ဘုရင်မင်းမြတ်၏ ဆင့်ခေါ်ချက်အရ ဆရာကြီး ယုဒသန်နှင့်ဆရာဝန် Dr. Jonathan Price တို့ အင်းဝ နေပြည်တော်သို့ ရေကြောင်းခရီးဖြင့် ဆန်တက်ခဲ့ကြရာ၊

၂၇/၉/၁၈၂၂ ရက်နေ့တွင် နေပြည်တော်သို့ ဆိုက်ရောက်ကြသည်။ Dr. Jonathan Priceအတွက်စစ်ကိုင်းတွင်လည်းကောင်း၊ ဆရာကြီးယုဒသန်အတွက် အင်း၀နေပြည်တော် တွင်လည်းကောင်း မြေနေရာများရရှိကြပါသည်။

၁၂/၇/၁၈၂၃ ဓမ္မသစ်ကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီးစီးသည်။ဓမ္မဟောင်းကျမ်းကို စတင်ဘာသာပြန်ပါသည်။

၅/၁၂/၁၈၂၃ ဆရာမအဲန် အမေရိကန်မှရန်ကုန်သို့ ပြန်လည်ဆိုက် ရောက်လာသည်။

၂၃/၁/၁၈၂၄ မိသားစုနှင့်အတူ ဆရာကြီးယုဒသန် အင်း၀နေပြည်တော် သို့ပြန်လည်ရောက်ရှိသည်။

၈/၆/၁၈၂၄ အင်္ဂလိပ်–မြန်မာပထမစစ်ပွဲဖြစ်၍ ဆရာကြီးယုဒသန်နှင့်Dr. Jonathan Price တို့ မသင်္ကာမှုနှင့် ဖမ်းဆီးချုပ်နှောင်ခြင်း(အင်း၀–လက်မရွံ့ထောင်တွင်)ခံရသည်။

၂/၅/၁၈၂၅ အင်း၀နေပြည်တော် လက်မရွံ့ထောင်မှ အောင်ပင်လယ်(ရွာ)ထောင်သို့ ပြောင်းရွှေ့ခြင်းခံရသည်။

***“မြန်မာဘာသာပြန်ပြီးဖြစ်သော ဓမ္မသစ်ကျမ်းစာမူများ မပျောက်ပျက်စေရန် ဆရာမကြီးအဲန်က ခေါင်းအုံးအတွင်းထည့်သွင်းချုပ်လုပ်၍၊ ထောင်တွင်း၌ ဆရာကြီးအသုံးပြုရန် ပေးပို့ထားခဲ့ပါသည်။ ထောင်ပြောင်းသောအခါ၊ ပြင်ပ၌စွန့်ပစ်ထားသည်ကို ဦးအင်း တွေ့ရှိပြီး၊ ပြန်လည်ကောက်ယူခဲ့သဖြင့် ဆုံးရှုံးခြင်းမရှိခဲ့သည်မှာ ဘုရားသခင်၏ ကျေးဇူးတော် ပင်ဖြစ်ပေသည်။”***

၂/၅/၁၈၂၅ အင်း၀နေပြည်တော်လက်မရွံ့ထောင်မှ အောင်ပင်လယ်(ရွာ)ထောင်သို့ ပြောင်းရွှေ့ခြင်းခံရသည်။

၇/၁၁/၁၈၂၅ အင်္ဂလိပ်–မြန်မာ ပထမစစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းရာတွင် စကားပြန်အဖြစ်ထမ်းဆောင်ရန် ရန္တပို/မလွန်သို့ခေါ်ဆောင်ခြင်းခံရသည်။

၁၇/၁၂/၁၈၂၅တာဝန်ပြီးဆုံးသည်နောက် ရန္တပို/မလွန်မှအင်း၀၊ အင်း၀မှအောင်ပင်လယ်သို့ ပြန်လည်ရောက်ရှသည် စစ်ပြေငြိမ်းရေး ညှိနှိုင်းစကား ဆိုကြရာတွင် အင်္ဂလိပ် (Sir. Archibald Campbell) တို့ဘက်မှ ဆရာကြီးယုဒ သန်နှင့် မိသားစုတို့ကို အောက်ပြည်သို့လွတ်လပ်စွာပြန် ခွင့်ပြုရန်တောင်းဆိုရာ ဘကြီးတော်မင်းတရားက ‘‘သူတို့တွေဟာ ႉ အင်္ဂလိပ်မဟုတ်ဘူး၊ ငါ့လူတွေ၊ သူတို့ကို သွားခွင့်မပေးနိုင်ဘူး’’ဟု မိန့်တော်မူသည်ကို သိမှတ်ကြရန် လိုအပ်ပါသည်။

၃၁/၁၂/၁၈၂၅အကျဉ်းချထားခြင်းမှလွတ်၍ မြောက်ဘက်ဝန် Governor of the North Gate၏ကြီးကြပ်မှုအောက်တွင်နေထိုင်ခွင့်ရသည်။

၂၁/၂/၁၈၂၆ ချုပ်နှောင်မှုအားလုံးမှလွတ်၍ ရ န္တပို/မလွန်သို့ မိသားစုနှင့် အတူစုန်ဆင်းပြီး ထိုမှတဆင့် ရန်ကုန်သို့ ပြန်လည်ထွက်ခွာခဲ့သည်။

၂/၇/၁၈၂၆ ရန်ကုန်မြို့ရှိ သာသနာ့လုပ်ငန်းများကို ပိတ်သိမ်းကာ ရန် ကုန်တပည့်တော်အချို့တို့နှင့် ရွှေ့ပြောင်းကြ၍ကျိုက္ခမီမြို့သို့ ရောက်ရှိကြသည်။

၅/၇/၁၈၂၆ အင်္ဂလိပ်ဘုရင်ခံ ခရောဖို့(Mr. Crawford)၏ အကူအ ညီတောင်းခံချက်အရကုန်သွယ်ရေးစာချုပ်ချုပ်ဆိုရန် ကျိုက္ခမီမြို့မှ အင်း၀နေပြည်တော်သို့ စတင်ထွက်ခွာသည်။

၃၀/၉/၁၈၂၆ အင်း၀နေပြည်တော်သို့ စတုတ္ထအကြိမ် ရောက်ရပြန်သည်။ နှစ်ဖက်ညှိနှိုင်းရာတွင် လွတ်လပ်စွာ တရားဟောပြောခွင့်ရဖို့ရန်မျှော်လင့်၍ လိုက်ပါခဲ့ခြင်းဖြစ်ပေသည်။ သို့သော် အောင်မြင်မှုမရရှိပေ။

၂၄/၁၀/၁၈၂၆ ဆရာကြီးကတော် ဆရာမ Ann Judson ကျိုက္ခမီ မြို့တွင် ဘုန်းတော်ဝင်စားသည်။

၂၄/၁/၁၈၂၇ ဆရာကြီးယုဒသန် ကျိုက္ခမီမြို့ ပြန်လည်ရောက်ရှိသည်။

၁၀/၈/၁၈၂၇ ကျိုက္ခမီမြို့မှ မော်လမြိုင်မြို့သို့ ပြောင်းရွှေ့သည်။

၉/၅/၁၈၂၈ မိခင်တက္ကသိုလ် ဖြစ်သည့် Brown Universityမှချီးမြှင့်သည့်ဂုဏ်ထူးဆောင်ပါရဂူ(Doctor of Divinity: DD)ဒေါက်တာဘွဲ့ကို လက်မခံ၊ ပြန်လည်ပေးအပ်ခဲ့သည်။

၁၉/၁၂/၁၈၃၂ မြန်မာဘာသာဖြင့် ဓမ္မသစ်ကျမ်းကို ပုံနှိပ်ပြီးစီးသည်။
၃၁/၁/၁၈၃၄ ဓမ္မဟောင်းကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီးစီးသည်။
၁၀/၄/၁၈၃၄ ထားဝယ်မြို့တွင် ဘုန်းတော်ဝင်စားခဲ့ပြီးသော သာသနာပြုဆရာကြီး Rev. Georerge Jana Boardman ၏ဇနီး ဆရာမကြီး ဆာရာဘို့(ဒ)မန်(Mrs.Sarah Board Man)နှင့် ထားဝယ်မြို့တွင် ထိမ်းမြားလက်ထပ်၍ဒုတိယ အိမ်ထောင်ထူထောင်သည်။
၂၉/၁၂/၁၈၃၅ မြန်မာဘာသာ သမ္မာကျမ်းစာ(ဓမ္မဟောင်း/ဓမ္မသစ်) အပြည့်အစုံ၊ ပထမအကြိမ် ပုံနှိပ်ပြီးစီးသည်။
၁၈/၁၁/၁၈၃၇ သမ္မာကျမ်းချုပ်ကို မြန်မာဘာသာဖြင့် ရေးသားပြုစု ပြီးစီးသည်။
၂၅/၇/၁၈၄၅ ဇနီးဆရာမကြီးဆာရာ၏ ကျန်းမာရေးချို့ယွင်းမှုကြောင့်အမေရိကနိုင်ငံဖက်သို့ ဦးတည်ခရီးပြုခဲ့ကြရာ ၁-၉-၁၈၄၅ ရက်နေ့တွင် ခေါ်တော်မူခြင်းခံရ၍ St.Helena ကျွန်းတွင် သင်္ဂြိုလ်ခဲ့ရသည်။ ဆရာကြီးကိုယ်တိုင်မူ၊ အမေ ရိကန်နိုင်ငံသို့ ခရီးဆက်ခဲ့ပါသည်။ သာသနာပြုသက်တမ်း တစ်လျှောက် ပထမဆုံးနှင့်နောက်ဆုံးအကြိမ် ဖြစ်ပါသည်။
၁/၆/၁၈၄၆ အမေရိကန်နိုင်ငံတွင် ရှိနေစဉ်အတွင်း လှည့်လည်သွားလာ ဟောပြောသက်သေခံခြင်းများ ပြုသည်သာမက နာမည် ကျော်စာရေးဆရာမ Miss. Emily Chubuck ကလောင်အမည်(Famnie Forester)နှင့် Hamilton မြို့တွင်ထိမ်းမြား၍ တတိယအိမ်ထောင်ကိုထူထောင်ပြန်သည်။
၃၀/၁၁/၁၈၄၆ အခြားသာသနာပြု ဆရာမိသားစု(၂)စုနှင့်အတူ မော်လ မြိုင်မြို့သို့ ပြန်လည်ဆိုက်ရောက်သည်။
၂၄/၁/၁၈၄၉ အင်္ဂလိပ်-မြန်မာအဘိဓာန် ရေးသားပြုစုပြီးစီးသည်။(မြန်မာ-အင်္ဂလိပ်)အဘိဓာန်ကိုမူ ပြီးဆုံးသည့်တိုင်အောင် ပြုစုနိုင်ခွင့်မရှိတော့ပေ။
၃/၄/၁၈၅၀ ကျန်းမာရေးအခြေအနေ ဆိုးလာသောကြောင့် သက်သာမှု ရမည်ဟုမျှော်လင့်လျက် Rev. Thomas Ranney လိုက်ပါလျက် ပြင်သစ်နိုင်ငံ Aristide Maria သင်္ဘော ဖြင့် ပင်လယ်ခရီး ထွက်ခဲ့ကြသည်။
၁၂/၄/၁၈၅၀ သောကြာနေ့ညနေ(၄း၁၅)အချိန်တွင်အန်ဒမန်(ကပ္ပလီ ကျွန်း)အနီးတွင် ပင်လယ်ပြင်တစ်နေရာ၌ အသက်(၆၂) နှစ်ရှိဆရာကြီးယုဒသန်သည် သခင်ဘုရား၌ ဘုန်းတော်ဝင်စားပါသည်ဆရာကြီး၏ကျန်ကြွင်းသောရုပ်ခန္ဓာကို ပင်လယ်ပြင်၌ သင်္ဂြိုလ်ခဲ့ရပေသည်။

*သုခ၊ဒုက္ခ ဘယ်သို့တွေ့တွေ့*
*ရှေ့သို့ဆောင်ရွက်ရမည်။*
*မြန်မာလွင်ပြင်--ငါတို့ကြဲ၍*
*ဇိအုန်ထိပ်၌--ရိတ်ကြမည်*

***In Joy or Sorrow, health or pain***
***Our course be onward still;***
***We sow on Burma's barren hill***
***We reap on Zion hill.***

◈◈◈◈◈

## အပိုင်း(ခ) ဆရာကြီးယုဒသန်၏မှတ်သားဘွယ်ရာစကားများ

- အိုဘုရားသခင်၊ ကိုယ်တော်ဟာ ကျွန်ုပ်နှင့်အတူ ရှိပါလျက်နဲ့ ဘာဖြစ်လို့ ဒီလောက်ပြင်းပြတဲ့ ဒုက္ခဝေဒနာကိုခံစားနေရတာလဲ။ ခရစ်တော်အတွက်သာ မဟုတ်ခဲ့ရင် ...

- ဘုရားသခင် ကတိတော်အတိုင်း မြန်မာနိုင်ငံအဖို့ ရှေ့အနာဂတ်သည် ထွန်းလင်းတောက်ပနေသည် ...

- In Joy or sorrow , health or pain
  Our course be onward still.
  We sow on Burma's barren hill,
  we reap on Zion's hill
  မြန်မာအဘိဓာန်စာအုပ်၊ အတွင်းအဖုံးပေါ်တွင် ခဲတံဖြင့်ရေးသားထားသည်မှာ . . .''သုခဒုက္ခ ဘယ်လိုတွေ့တွေ့၊ရှေ့သို့ ဆောင်ရွက်ရမည်။ မြန်မာလွင်ပြင် ငါတို့ကြဲ၍ ဇိအုန်ထိပ်၌ရိပ်ကြမည်''

- သမ္မာကျမ်းစာကို ပြန်ဆိုနေစဉ် ပြောခဲ့သောစကားမှာ . . . ''ကျွန်တော်စာရေးစဉ် မျက်ရည်ကျခဲ့ရသည်။ ကျွန်တော်ရဲ့ကြီးမြတ်ဆုံးသော တာဝန်မှာ ဧဝံဂေလိတရား ဟောပြောဖို့ ဖြစ်ပါသည်။ သို့ရာတွင် . . . သမ္မာကျမ်းစာကို ဘာသာပြန်ဆိုခြင်းမှာလည်း ခရစ်ယာန်ဘာသာ မြန်မာနိုင်ငံ၌တည် ဆောက်ရာတွင်အရေးကြီးဆုံးဖြစ်သည်။''

- သခင်ခရစ်တော်ကို နှလုံးသားထဲမှာသာ ထားပြီးအများသူငှာရှေ့မှာငြင်းပယ်ရင်၊တပည့်တစ်ယောက်လို့ မခေါ်နိုင်သေးဘူး။

- တာရှည်စွာ ခံစားရအောင် ဆင်းရဲခြင်းများအားဘုရားသခင်ထံအပ်နှံလိုက်၏။ အိုချမ်းသာသုခကို ပေးသောလက်ဝါးကားတိုင်တော်ကြောင့် ကြီးစွာသော ဒုက္ခအတွက်ကျေးဇူးတင်ပါ၏။ ခါးသီးစွာခံစားရခြင်းသည်ပင် ချိုမြလှပါတကား။

- ညီအစ်ကိုတို့ ယေရှုကိုစေ့စေ့ကြည့်ပါ။ မျက်နှာတော်ကိုမြင်ခြင်းအားဖြင့် နှစ်သိမ့်မှုနှင့် ရွှင်လန်းမှုကိုရပါမည်။ဝေဒနာခံစားရသောအခါ ယေရှုကို ကြည့်ပါ။ ယေရှုက အသက်ပေးမည်။ တရားစီရင်ရာ ကာလတွင်လည်းယေရှုကိုကြည့်ပါ။သင့်အားယေရှုကယ်တင်မည်။

- Ann Judson ၏ မှတ်တမ်း၌လည်း သည်းမခံနိုင်ဖွယ်အခြေ အနေများကြား၌ မည်ကဲ့သို့ရုန်းကန်သက်ရှင်ရကြောင်းဖော်ပြထားပါသည်။ ''မထင်ရှားမှုန်ဝါးသော ရှေ့ရေးကြောင့် ရက်အတန်ကြာစိတ်အားပျက်ရသည်။ အမှုဆောင်သာသနာလုပ်ငန်းနှင့်စပ်လျဉ်း၍ အရာရာတိုင်းသည် မသေမချာမရေမရာမှုများသာတည်း။ ယုံကြည် ခြင်းဖြင့် အသက်ရှင်ရန်ခက်ခဲလှပြီ၊ရှေ့ဆက်အနာဂတ်မှာ မှောင်မဲ၍ကိုယ်တော်အား အကြွင်းမဲ့ကိုးစားရန် အခက်အခဲတွေ့နေ၏။ သို့သော်လည်းအခြေအနေများရှင်းလင်းထင်ရှားလွယ်ကူနေပါက ကိုယ်တော်ကိုကိုးစားစရာအခွင့် ဘယ်မျှလောက်ရှိလေမည်နည်း။ထို့ကြောင့်မြည်တွန်ညီးတွားပြခြင်းအစားဝမ်း မြောက်ရသောအခွင့်ကိုပေးပါ။ သဘောသဘာဝအလျောက်အမှီပြုတတ်သော အရာများအား ဖယ်ရှားလျက် ကိုယ်တော်ဘုရားအား ကိုးစားရန်သာကြပ်ကြပ်သွေးဆောင်သူကောင်းကင်ဘုံရှင်အဘ အားကျေးဇူးတော်ချီးမွမ်းလိုစိတ်ကို ပေးတော်မူပါ။

- မြန်မာပြည်၏ သာသနာပြုဆရာကြီး ဒေါက်တာဂျဒ်ဆင်က . . ''ဘုရားသခင်သည် စိတ်ပျက်အားလျော့ခြင်းမရှိသောဆုတောင်းသံကို နှစ်ခြိုက်တော်မူသည်။ ဤသို့မဟုတ်သည့် ဆုတောင်းခြင်းများအတွက် ကောင်းကြီးများစွာ မပေးလိုကြောင်းဖေါ်ပြသည်။ လူသားတို့အနေဖြင့် ဘုရားသခင် လိုလိုလားလားနှင့် အသင့်ပြင်ဆင်ထားသော ကောင်းကြီးမင်္ဂလာများကိုထိုက်တန်စွာရယူနိုင်ဖို့ ဤအချက်ကိုအလေးအနက်ပြုရမည်။ မဖြစ်မနေပြင်ဆင်ရမည်''

◈ ◈ ◈ ◈ ◈

# ရွှေပြည်မြန်မာနှစ်ခြင်းသာသနာလုပ်ငန်း

## ဒုတိယ(၁၀)နှစ်စီမံကိန်း(၂၀၁၄-၂၀၂၄)

**ဆောင်ပုဒ်။**

''သာသနာပြုသောအသင်းတော်၊သက်သေခံသောအသင်းသား''

**ဓမ္မအမြင်အခြေခံသဘောတရား။**

၁။ *ကျွန်ုပ်တို့၏နည်းဗျူဟာ-(ဇာတိခံသာသနာပြုခြင်း)*

ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်လျှက်ယေရှုရှင်လင်မှ မြေကြီးစွန်းတိုင် သက်သေခံရန်။(တမန်၊၁း၈။ ၁ကော၊ ၉း၁၉-၂၂)။

၂။ *ကျွန်ုပ်တို့၏အခြေခံအင်အား-(အခြေခံအသင်းတော်များအားဖြင့်သာသနာပြုခြင်း)*

ဒေသန္တရအသင်းတော်အသီးသီးမှ အသင်းတော်သစ်များ ပြုစုပျိုးထောင်ရန်။(၁ပေ၊၂း၉။ တမန်၊၂း၄၂။ မဿဲ၊၁၆း၁၈)။

၃။ *ကျွန်ုပ်တို့၏သတင်းစကား-(တန်ခိုးပါသောသတင်းကောင်း)*

ဝေနေယျသတ္တဝါအပေါင်းတို့အတွက် ခရစ်တော်၏ကယ်တင်ခြင်းသတင်းစကားကို အစာရှောင်ဆုတောင်းခြင်း၊ တန်ခိုးပါသောဟောပြောခြင်းတို့ဖြင့် ဟောပြောသက်သေခံရန်။(ယော၊၁၇း၃။ ၁တိ၊၂း၄။ မာ၊၁၆း၁၅။ ဖေက်၊၆း၁၁-၁၂)။

၄။ *ကျွန်ုပ်တို့၏ပန်းတိုင်–(ဥဿုံသာသနာပြုခြင်း)*
   ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လူသားတိုင်း၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ်၊ လူထုတစ်ရပ်လုံးနှင့် လူ့အဖွဲ့အစည်းအားလုံးတပည့်တော်ဖြစ်စေရန်။(မဿဲ၊၂၈း၁၉–၂၀။ ၁တိ၊၂း၄။ ယော၊၁၀း၁၀)။

၅။ *လုပ်ဆောင်မည့်နယ်ပယ်အဝန်း–(ဧဝံဂေလိသတင်းစကားမကြားရသေးသူများ)*
   ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဧဝံဂေလိသတင်းစကား မကြားရသေးသူ(Unreached Peoples)များအားလုံး။

**အွန္တိမရူပါရုံ။**

၁။ ဤစီမံချက်ပြီးဆုံးသွားသော ၂၀၂၄–ခုနှစ်တွင် မြန်မာပြည်လူဦးရေ၏ (၁၀%)သည် ယုံကြည်သူခရစ်ယာန်များ ဖြစ်လာမည်။
၂။ ဤစီမံချက်ပြီးဆုံးသွားသော ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နှစ်ခြင်းအသင်းတော်ပေါင်း အနည်းဆုံး(၆၀၀၀)ရှိလာမည်။
၃။ ဤစီမံချက်ပြီးဆုံးသွားသော ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ နှစ်ခြင်းအသင်းချုပ်နှင့် သက်ဆိုင်သော အသင်းတော်များအားလုံး သည်သာသနာပြုသော အသင်းတော်များဖြစ်လာကြမည်။

**နှစ်အလိုက်ဆောင်ရွက်ခြင်း။**

**၁။(၂၀၁၄)ခုနှစ်–**‘‘*အမြင်ဖွင့်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း*’’
**၂။(၂၀၁၅–၂၀၁၇)ခုနှစ်–**‘‘*ပထမသုံးနှစ်စီမံကိန်း*’’
   –သာသနာကွင်းသစ်(၂၀၀)ဖော်ထုတ်သာသနာပြုခြင်း)
**၃။(၂၀၁၈–၂၀၂၀)ခုနှစ်**–‘‘*ဒုတိယသုံးနှစ်စီမံကိန်း*’’
   –သာသနာကွင်းသစ်(၄၀၀)ဖော်ထုတ်သာသနာပြုခြင်း)
**၄။(၂၀၂၁–၂၀၂၃)ခုနှစ်**–‘‘*တတိယသုံးနှစ်စီမံကိန်း*’’
   –သာသနာကွင်းသစ်(၆၀၀)ဖော်ထုတ်သာသနာပြုခြင်း
**၅။(၂၀၂၄)ခုနှစ်**–‘‘*စီမံကိန်းအားပြန်လည်သုံးသပ်ခြင်း စီမံကိန်းအသစ်ရေးဆွဲခြင်းနှင့်ဆက်ကပ်အပ်နှံခြင်း*’’

## ၂၀၁၃ ခုနှစ်အတွက် ယုဒသန်နေ့အလှူငွေစာရင်း

### အဖွဲ့ချုပ်များ၊ ပြည်ပမြန်မာနှစ်ခြင်းအသင်းတော်များ၊ တစ်ဦးချင်းနှင့်အခြား ပေးလှူမှုများ

| စဉ် | လူ/ဒေသအဖွဲ့ချုပ် | ၂၀၁၂–ခုနှစ် | ၂၀၁၃–ခုနှစ် |
|---|---|---|---|
| ၁။ | ကချင်နှစ်ခြင်းအဖွဲ့ချုပ် | ၆,၇၇,၂၈၃၅ | ၁၀၇,၃၀,၂၀၀ |
| ၂။ | ကရင်နှစ်ခြင်းအဖွဲ့ | ၆,၃၅၀,၇၁၅ | ၁၀၂,၇၁,၃၀၀ |
| ၃။ | မြန်မာနိုင်ငံနှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ် | ၃,၄၃၉,၈၀၀ | ၄၂,၀၀,၆၅၅ |
| ၄။ | ချင်းနှစ်ခြင်းအဖွဲ့ချုပ် | ၃,၆၁၉,၈၁၀ | ၄၇,၅၁,၄၉၅ |
| ၅။ | လားဟူနှစ်ခြင်းအဖွဲ့ချုပ် | ၂,၇၉၀,၀၀၀ | ၃၀,၅၀,၀၀၀ |
| ၆။ | ပိုးကရင်နှစ်ခြင်းအဖွဲ့ချုပ် | ၆၈၆,၂၇၅ | ၁၃,၅၂,၃၅၅ |
| ၇။ | လီဆူနှစ်ခြင်းအဖွဲ့ချုပ် | ၉၃,၉၇၅ | ၁၁၈,၀၀၀ |
| ၈။ | တောင်ရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၈၂၅,၈၀၀ | ၁၀,၇၄,၄၀၀ |
| ၉။ | ရွှေလီရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၇၄၄,၁၀၀ | ၃၆၀,၀၀၀ |
| ၁၀။ | အာခါနှစ်ခြင်းအဖွဲ့ချုပ် | ၁၇၀,၀၀၀ | ၂၀၀,၀၀၀ |
| ၁၁။ | အရှိုချင်းနှစ်ခြင်းအဖွဲ့ချုပ် | ၂၆၀,၀၀၀ | ၂၂၂,၇၇၀ |
| ၁၂။ | ရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၁၀၀,၀၀၀ | ၂၀၀,၀၀၀ |
| ၁၃။ | မြောက်/ရှမ်းနှစ်ခြင်းအဖွဲ့ချုပ် | ၄၆၁,၆၂၅ | ၇၃၇,၆၀၀ |
| ၁၄။ | နာဂနှစ်ခြင်းအဖွဲ့ချုပ် | ၈၉,၈၀၅ | ၂၅၀,၇၅၀ |
| ၁၅။ | ရခိုင်နှစ်ခြင်းအဖွဲ့ချုပ် | ၂၀၅၀၀ | ၁၁၈,၀၀၀ |
| ၁၆။ | မွန်နှစ်ခြင်းအဖွဲ့ချုပ် | ၂၈၅,၇၀၀ | ၂၅၇,၀၀၀ |
| ၁၇။ | "ဝ" နှစ်ခြင်းအဖွဲ့ချုပ် | ၁၅၃,၀၃၀ | ၃၆၁,၄၅၀ |
| ၁၈။ | တီးတိန်နှစ်ခြင်းအဖွဲ့ချုပ် | ၅၁၉,၉၁၀ | ၈၁၁,၈၀၀ |
| ၁၉။ | ယုဒသန်နှစ်ခြင်းအသင်းတော် | ၃၄၀,၃၀၀ | ၁၈၃,၂၂၅ |
| ၂၀။ | မောချွေလနှစ်ခြင်းအသင်းတော် | – | – |
| ၂၁။ | အဝေးရောက်မြန်မာနှစ်ခြင်းအသင်းတော်များ | ၅,၁၃၇,၄၃၀ | ၁၁၉,၁၀,၀၂၅ |
| ၂၂။ | တစ်ဦးချင်းနှင့်အခြား | ၄၀၆,၇၀၀ | ၁၂,၁၆,၇၀၀ |
| | **စုစုပေါင်း** | **၂၅၉,၃၄,၁၉၀** | **၅၂၃,၇၇,၇၂၅** |

# ယှုဒဿန်နေ့အလျှူငွေ၊ တိုးတက်မှုအခြေပြဇယား

